မဟာစည်နာယက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

## သဒ္ဓမ္မရံသီရိပ်သာဆရာတော်

## အရှင်ကုဏ္ဍလာဘိဝံသ

ဟောကြားအပ်သော

# ဥခွံဖောက်ခွဲပမာ ဝိပဿနာ

# တရားတော်

သာသနာ - ၂၅၅၁ ကောဇာ - ၁၃၆၉ ခရစ် - ၂၀၀၇

WWW.DHAMMARANSI.NET

မဟာစည်နာယက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

# သဒ္ဓမ္မရံသီရိပ်သာဆရာတော်

# အရှင်ကုဏ္ဍလာဘိဝံသ

ဟောကြားအပ်သော

# ဥခွံဖောက်ခွဲပမာ ဝိပဿနာ


# တရားတော်

သာသနာ - ၂၅၅၁ ကောဇာ - ၁၃၆၉ ခရစ် - ၂၀၀၇

WWW.DHAMMARANSI.NET

ပုံနှိပ်မှတ်တမ်း
ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက်အမှတ်
၃၂၀၂၄၉၀၅၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၃၂၀၂၅၀၀၅၀၇
ပုံနှိပ်ခြင်း
ပထမအကြိမ်
အုပ်ရေ - ၂၀၀၀
ပုံနှိပ်ပြီးသည့်လ
မေလ၊ ၂၀၀၇ - ခုနှစ်
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးတင်ထွဋ် (မြဲ - ဝ၃၁၅၆)
စိန်ရွှေပုံနှိပ်တိုက်
အမှတ် (၁၅၀) ၄၅ လမ်း (အထက်) ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။
ထုတ်ဝေသူ
ဒု - ဗိုလ်မှူးကြီးတင်အောင် (လေ - အငြိမ်းစား)၊ (ဝ၃၃၆၆)
သဒ္ဓမ္မရံသီစာပေ၊ အမှတ် (၇)၊ ဧယျာခေမာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

WWW.DHAMMARANSI.NET



သဒ္ဓမ္မရံသီရိပ်သာ ပဓာနနာယကဆရာတော်

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ

WWW.DHAMMARANSI.NET

## ဤမဟာအုပ်မှာသိကောင်းစရာဆောင်ပုဒ်များ

♣ ဥစ္စာနှင့်သာ၊ အဝိဇ္ဇာ၊ မှန်စွာတူပေသည်။

♣ စေးရည်နှင့်သာ၊ ဘဝတဏှာ၊ မှန်စွာတူပေသည်။

♣ ကြက်ကောင်နှင့်သာ၊ ဝိပဿနာ၊ မှန်စွာတူပေသည်။

♣ ကြက်မနှင့်သာ၊ ရှုသူဟာ၊ မှန်စွာတူပေသည်။

WWW.DHAMMARANSI.NET

# နိဒါန်း

ယခုခေတ်အခါသည် ဝိပဿနာတရား ထွန်းကားလာသောအခါ ဖြစ်ပေသည်။ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အချိန်ရလျှင်ရသလောက် ဝိပဿနာတရားကို အားထုတ်လျက်ရှိကြပေသည်။ ဝိပဿနာတရားအားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် ရှုမှတ်ခါစ ရှေ့ပိုင်းမှာ ဝိပဿနာတရားအားထုတ်ရခြင်း၏ အကျိုးတရားတို့ကို ထင်ရှားစွာ မတွေ့သိကြရပေ။ နောက်ပိုင်းကျမှ တဖြည်းဖြည်း အကျိုးတရားတို့ကို တွေ့သိကြရပေသည်။

ဥပမာအားဖြင့် ကြက်မကြီးက ကြက်ဥများကို ဥထားကြပြီးလျှင် နေ့စဉ် ထိုဥများမှ ကြက်ကောင်လေးများ ပေါက်ဖွားလာရအောင် နေ့စဉ် ထိုကြက်ဥများထက်၌ ဝပ်ပေးရတာနှင့် တူပေသည်။ ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့သည်လည်း ကြက်မကြီးကဲ့သို့ပင် အချိန်ရသမျှ ရှုမှတ်ပေးကြရပေသည်။

ကြက်မကြီး တစ်နေ့အချိန်ကာလ ဝပ်လိုက်ခြင်းကြောင့် ကြက်ဥခွံများ မည်းမှုပါးသွားသည်၊ ကြက်ဥအတွင်းမှ အစေးရည်

WWW.DHAMMARANSI.NET

# နိဒါန်း

များ မည်းမှုံခန်းခြောက်သွားသည်၊ ကြက်ဥအတွင်းမှ ကြက်ကောင်လေး မည်းမှုံရင့်ကျက် အားရှိလာသည်တို့မှာ မထင်ရှားပေ။ ထို့အတူ ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့သည် တစ်နေ့ဝိပဿနာတရား ရှုမှတ်လိုက်တာ ဘဝသံသရာမှ မထွက်မြောက်နိုင်အောင် ပိတ်ဖုံးထားသည့် အဝိဇ္ဇာအမှောင်ကြီး မည်းမှုံပါးသွားပြီ၊ ဘဝတွေကို တပ်မက်နေတဲ့ တဏှာအစေးတွေ ဘယ်မှုံခန်းခြောက်သွားပြီ၊ ဝိပဿနာဉာဏ်များ မည်းမှုံရင့်ကျက် အားရှိလာပြီဆိုသည်မှာ မထင်ရှားပေ။ ဤကဲ့သို့ပင် မထင်ရှားသော်လည်း -

ကြက်မကြီး တစ်နေ့ ဝပ်ပေးလိုက်ခြင်းနှင့်အမျှ ဥခွံများ ပါးသွားတာ၊ အစေးရည်များ ခန်းခြောက်သွားတာ၊ ကြက်ကောင်လေး ရင့်ကျက်သွားတာများမှာ အမှန်ပင် ဖြစ်ပေသည်။ ထို့အတူ ဝိပဿနာတရား ပွားများအားထုတ်ကြသောပုဂ္ဂိုလ်တို့ တစ်နေ့ရှုမှတ်ခြင်းနှင့်အမျှ အဝိဇ္ဇာအမှောင်ထုကြီး ပါးသွားတာ၊ တဏှာအစေးများ ခန်းခြောက်သွားတာ၊ ဝိပဿနာဉာဏ်များ ရင့်ကျက်သွားတာများမှာ အမှန်ပင် ဖြစ်ပေသည်။

ကြက်မကြီး ၂၈-ရက်ခန့် ဝပ်ပေးလိုက်သောအခါ ဥခွံကြီးပါးသွား၊ အစေးရည်များ ခန်းခြောက်သွား၊ ကြက်ကောင်လေး ရင့်ကျက်ကာ အားတွေပြည့်သွားတဲ့အခါ ကြက်ကောင်လေးက သူ့အားရှိသလောက် ခြေထောက်ဖြင့် ကန်ကျောက်၊ နှုတ်သီးဖြင့်

WWW.DHAMMARANSI.NET

## နိဒါန်း

ဥခွံကြီးကို ထိုးဖောက်ပြီး သူအလိုရှိရာ အလင်းဓာတ်ထဲသို့ ရောက်သွားရလေ၏။ ထို့အတူ ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့သည်လည်း ၁-လခန့် ဝိပဿနာတရားကို အားထုတ်လိုက်သောအခါ အပါယ်သံသရာမှ မထွက်နိုင်ရအောင် ပိတ်ဖုံးထားသည့် အဝိဇ္ဇာအမှောင်ထုကြီးကို ကြက်ကောင်လေးနှင့်တူတဲ့ ဝိပဿနာဉာဏ်မှ ဖြစ်ပေါ်လာသော သောတာပတ္တိမဂ်ဉာဏ်က အပြီးတိုင် ဖောက်ခွဲလိုက်သည်။ တဏှာအစေးများကိုလည်း ခန်းခြောက်စေလိုက်သည်။ ထို့ကြောင့် နိဗ္ဗာန်တည်းဟူသော အလင်းဓာတ်ထဲသို့ ရောက်သွားကြရပေသည်။

ဤကဲ့သို့ ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့သည် အားထုတ်ခါစ အစပိုင်းမှာ အကျိုးတရားတွေ မထင်ရှားသော်လည်း နောက်ပိုင်းမှာ အကျိုးတရားတွေ ထင်ရှားပြီး နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားကြမည် ဖြစ်ပေသည်။ ဤ"ဥခွံဖောက်ခွဲပမာ ဝိပဿနာ"ဟူသော စာအုပ်၌ ဥပမာ ဥပမေယျနှင့်တကွ ရှင်းလင်းစွာ ဖော်ပြထားပါသည်။

### ဥပမာနှင့် ဥပမေယျ

၁။ ကြက်ဥခွံနှင့် အဝိဇ္ဇာအမှောင် တူပေသည်။
၂။ ကြက်ဥအတွင်းမှ အစေးရည်များနှင့် တဏှာအစေးများ တူပေသည်။
၃။ ကြက်ကောင်လေးနှင့် ဝိပဿနာဉာဏ် တူပေသည်။

WWW.DHAMMARANSI.NET

# နိဒါန်း

## ဆောင်ပုဒ်များ

၁။ ဥစ္စာနှင့်သာ၊ အဝိဇ္ဇာ၊ မှန်စွာတူပေသည်။

၂။ စေးရည်နှင့်သာ၊ ဘဝတဏှာ၊ မှန်စွာတူပေသည်။

၃။ ကြက်ကောင်နှင့်သာ၊ ဝိပဿနာ၊ မှန်စွာတူပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

WWW.DHAMMARANSI.NET

# ဥစ္စံဖောက်ခွဲပမာ ဝိပဿနာ တရားတော်

ဒီနေ့ ၁၃၆၀-ခု၊ တန်ခူးလကွယ်နေ့ နေ့လယ်ပိုင်းမှာ ဟောကြားမည့် တရားတော်က မူလပဏ္ဏာသပါဠိတော်လာ စေတောခိလသုတ္တန် ဒေသနာတော်မှလာသော "ဥစ္စံဖောက်ခွဲပမာ ဝိပဿနာ တရားတော်"ကို ဟောကြားပါမယ်။ ဥစ္စံဖောက်ခွဲပမာ ဝိပဿနာ တရားတော် ဖြစ်ပါတယ်။

(မူလပဏ္ဏာသပါဠိ-၁၄၉)

မြတ်စွာဘုရား တစ်ချိန်သောအခါမှာ ရဟန်းတော်တို့ကို တရားဟောတဲ့နေရာမှာ ကြက်ဥထဲက ကြက်ကောင်လေးဥပမာနှင့် ပြပြီးတော့ ဟောလိုက်ပါတယ်။ ကြက်မကြီးက အချိန်ပြည့် ဝပ်ပေးသဖြင့် ကြက်ဥထဲက ကြက်ကောင်လေးတွေဟာ စွမ်းအင်တွေထက်လာပြီးတော့ ဥခွံကြီးကို ဖောက်ခွဲပြီး အလိုရှိရာ အလင်းထဲသို့ ရောက်သွားနိုင်သလို ရဟန်းတော်များဟာလည်း၊ ယောဂီများဟာလည်း ဝိပဿနာတရားကိုအားထုတ်လို့ ဉာဏ်စဉ်

WWW.DHAMMARANSI.NET

တွေပြည့်သွားတဲ့အခါ အဝိဇ္ဇာအမှောင်ထုကြီးကို ဖောက်ခွဲပြီးတော့ ယောဂက္ခေမ = ယောဂတို့ကုန်ရာ အရဟတ္တဖိုလ်ချမ်းသာတိုင်အောင် ရရှိသွားနိုင်ပါတယ်။

အဝိဇ္ဇာတည်းဟူသော ဥခွံကြီးကို ဖောက်ခွဲပြီးတော့ ရဟန္တာဖြစ်သည့်တိုင်အောင် တရားထူးတရားမြတ်တွေ ရသွားနိုင်ပါတယ်။ အဲဒီမှာ အဋ္ဌကထာဆရာများက ဥပမာတွေနဲ့ နှိုင်းယှဉ်ပြီးတော့ ဖွင့်ပြပါတယ်။ တရားနာပရိသတ်များနဲ့တကွ နောင်လာနောက်သားတွေ သဘောကျရအောင် ဥပမာတွေနဲ့ နှိုင်းယှဉ်ပြီးတော့ ဖွင့်ပြပါတယ်။ ကြက်ဥမှာ ကြက်ဥအခွံရယ်၊ ကြက်ဥအတွင်းက အစေးရယ်၊ ကြက်ကောင်ကလေးရယ်လို့ ဘယ်နှမျိုးရှိပါသလဲ ... သုံးမျိုးရှိပါတယ်ဘုရား။

(မူလပဏ္ဏာသ-ဋ္ဌ-၁/၃၇၄)

ကြက်ဥအခွံရယ်၊ ကြက်ဥအတွင်းက အစေးရယ်၊ ကြက်ကောင်လေးရယ်လို့ သုံးမျိုးရှိတယ်တဲ့။ အဲဒီဥပမာဖြင့် ထည့်ပြီးတော့ အဋ္ဌကထာဆရာများက ဖွင့်ပြကြတယ်။ ကြက်ဥအခွံနဲ့ ဘာနဲ့တူသလဲဆိုလို့ရှိရင် အဝိဇ္ဇာအမှောင်နဲ့တူတယ်။ တရားနာပရိသတ်များနဲ့တကွ ပုဂ္ဂိုလ်သတ္တဝါတွေကို ၃၁-ဘုံဝဋ်ဒုက္ခနောင်အိမ်ထဲမှ မလွတ်နိုင်ရအောင် ပိတ်ဖုံးထားတာ အဝိဇ္ဇာပဲ။ အမှန်တွေကိုကျော်ပြီးတော့ အမှားတွေကိုသိသိနေတဲ့ အဝိဇ္ဇာက ပိတ်ဖုံးထားတဲ့အတွက်ကြောင့် တရားနာပရိသတ်များ မလွတ်မြောက်နိုင်ဘူးတဲ့။ ဟုတ်ပါရဲ့လား ... မှန်ပါတယ်ဘုရား။

WWW.DHAMMARANSI.NET

ဘာနဲ့တူလဲဆို ကြက်ဥအခွံကြီးနဲ့တူတယ်။ ကြက်ဥထဲက ကြက်ကလေးတွေ မထွက်နိုင်ရအောင် အခွံကြီးက ဖုံးထားတော့ အားမရှိတော့ မထွက်နိုင်ဘူး။ အဲဒီလိုပါပဲ။ တရားနာပရိသတ်များကိုလည်း အဝိဇ္ဇာအမှောင်ကြီးကနေပြီးတော့ ပိတ်ဖုံးထားတယ်။ သံသရာဝဋ်ဒုက္ခတွေက မထွက်နိုင်ဘူး။ ကြက်ဥအခွံကြီးက အဝိဇ္ဇာနဲ့တူတယ်။ ဉခွံက ကြက်ကောင်လေးတွေမထွက်နိုင်အောင် ပိတ်ထားသလို အဝိဇ္ဇာကလည်း ပုဂ္ဂိုလ်သတ္တဝါတွေ သံသရာဝဋ်ဒုက္ခမှ မလွတ်မြောက်နိုင်အောင် သူကလည်းပိတ်ဖုံးထားတယ်ဆိုတဲ့အဓိပ္ပါယ် မတူပါဘူးလား ... တူပါတယ်ဘုရား။

ကြက်ဥအခွံနဲ့ အဝိဇ္ဇာအမှောင်နဲ့တူတယ်။ ဆောင်ပုဒ်ကလေးပါ ဆိုရအောင်လား။

**ဆောင်ပုဒ်။ ။ ဉခွံနှင့်သာ၊ အဝိဇ္ဇာ၊ မှန်စွာတူပေသည်။**

ကြက်ဥအခွံကြီးနဲ့ တရားနာပရိသတ်များသန္တာန်မှာရှိတဲ့ အဝိဇ္ဇာအမှောင်နဲ့တူတယ်လို့ နှိုင်းယှဉ်ပြပါတယ်။ မှန်မှမှန်ပါရဲ့လား ... မှန်ပါတယ်ဘုရား။

အများတွေကိုသိနေတာ အမှောင်ကျနေတာဖြစ်တယ်။ ဘယ်တော့မှ သံသရာဝဋ်ဒုက္ခတွေက မထွက်နိုင်ဘူး။ အမှန်

WWW.DHAMMARANSI.NET

တွေကိုကျော်ကျော်ပြီးတော့ သိတဲ့အဝိဇ္ဇာက အများတွေပဲ သွားသွားပြီး သိနေတယ်။ ငါပဲ၊ သူပဲ၊ ပုဂ္ဂိုလ်သတ္တဝါပဲ။ ရုပ်နာမ်နှစ်ပါးကို ရုပ်နာမ်နှစ်ပါးလို့ မသိပါဘဲ ကျော်ကျော်ပြီးတော့ ငါ၊ သူ၊ ပုဂ္ဂိုလ်သတ္တဝါ၊ အမျိုးသား၊ အမျိုးသမီးပဲလို့ ကျော်ကျော်ပြီးတော့ သွားသွားသိနေတာကို ဘာလို့ခေါ်လဲဆိုတော့ အဝိဇ္ဇာလို့ခေါ်ရတယ်။ အမှောင်လား၊ အလင်းလား ... အမှောင်ပါဘုရား။

အဝိဇ္ဇာက အမျိုးသားပဲ၊ အမျိုးသမီးပဲလို့ သွားသိရော။ အများသိတော့ တဏှာက နောက်ကလိုက်စွဲရော။ တဏှာက နောက်ကလိုက်မစွဲပါဘူးလား ... လိုက်စွဲပါတယ်ဘုရား။ ပညတ်တွေကို လိုက်စွဲနေတာဖြစ်တယ်။ အဲဒီတဏှာကတော့ ဘာနဲ့တူလဲဆိုတော့ ဥခွံအတွင်းက အစေးနဲ့တူတယ်တဲ့။ ပုဂ္ဂိုလ်သတ္တဝါတွေကို သံသရာဝဋ်ဒုက္ခမှ မထွက်နိုင်ရအောင် လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝဆိုတဲ့ ဘဝသုံးပါးက မထွက်နိုင်ရအောင် ဆွဲကပ်ထားတာ မျောက်နဲ့စေးနဲ့တူတယ်။ တဏှာတည်းဟူသောအစေးက ဥခွံထဲမှ ကြက်ဥခွံထဲက ကြက်ဥအစေးနဲ့တူတယ်။

တရားနာပရိသတ်များရဲ့သန္တာန်၊ ထိုထိုပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာရှိနေတဲ့ တဏှာကလည်း ဘဝသံသရာမှ မထွက်မြောက်နိုင်ရအောင် ဆွဲဆွဲပြီး ကပ်ထားတာဖြစ်တော့ လူ့ဘဝသာယာလိုက်၊ နတ်ဘဝသာယာလိုက်၊ ဗြဟ္မာဘဝသာယာလိုက်နဲ့ အဲဒီသာယာနေတာ ဘယ်သူလဲလို့ဆိုတော့ တရားကိုယ်ကောက်

WWW.DHAMMARANSI.NET

လိုက်တော့ တဏှာ ... တဏှာပါဘုရား။ အစေးနဲ့တူတယ်။ မထွက်နိုင်အောင် သတ္တဝါလေးတွေ ပုဂ္ဂိုလ်သတ္တဝါတွေ ဘဝ သံသရာမှ မထွက်နိုင်ရအောင် ဆွဲဆွဲပြီးတော့ ကပ်ထားတာ တဏှာအစေးပဲတဲ့။

## ဆောင်ပုဒ်။ ။ စေးရည်နှင့်သာ၊ ဘဝတဏှာ၊ မှန်စွာတူပေသည်။

ကြက်ဥထဲမှာ အစေးတွေရှိတယ်။ အရည်တွေရှိတယ်။ အဲဒီအစေးအရည် အစေးတွေက ကြက်ကလေး မလှုပ်နိုင်ရအောင် ဆွဲဆွဲပြီးတော့ သူကကပ်ထားတယ်။ အစေးတွေကြောင့် ကြက်ကလေး တော်တော်နဲ့ အားမရှိလာဘူး။ မလှုပ်နိုင်ဘူး။ ပုဂ္ဂိုလ်သတ္တဝါတွေကိုလည်း တဏှာတည်းဟူသော အစေးက ဆွဲကပ်ထားလို့ ဘဝသံသရာထဲက မထွက်မြောက်နိုင်ဘူး။ မရုန်းကန်နိုင်ဘူး။ မတူပါဘူးလား ... တူပါတယ်ဘုရား။ တူတယ်။

ကြက်ကောင်လေးနဲ့ ဝိပဿနာဉာဏ်နဲ့ တူတယ်တဲ့။ ကြက်ကောင်လေးဟာ ကြက်မကြီးက ဝပ်ပေးလိုက်လို့ အပူအားတွေ ပြည့်သွားတဲ့ ၂၈-ရက်လောက် ရောက်သွားတဲ့အခါ ကြက်ကောင်လေး အားတွေရှိလာပြီး ရုန်းကန်၊ နှုတ်သီးတွေ ထက်လာ၊ ခြေသည်းတွေထက်လာပြီးတော့ အားရှိလာတော့ ရုန်းကန်လိုက်သည့်အခါ ဥခွံကြီး ပေါက်ကွဲသွားနိုင်တယ်။

ပေါက်ကွဲသွားပြီးတော့ အပြင်သို့ရောက်သွားတယ်။ အဲဒီကြက်ကောင်လေးနဲ့ ဝိပဿနာဉာဏ်နဲ့တူတယ်။ ဝိပဿနာဉာဏ်က လည်း ဉာဏ်တွေထက်မြက်လာတဲ့အခါ ဉာဏ်စဉ်တွေမြင့်သွားတဲ့အခါ အဝိဇ္ဇာတည်းဟူသော အမှောင်ကြီးကို ဖောက်ခွဲလိုက်ပြီး သောတာပတ္တိမဂ်ဉာဏ်သို့ ရောက်သွားတယ်။

အဲဒီသောတာပတ္တိမဂ်ဉာဏ်က အပါယ်သံသရာကို ကျရောက်စေတတ်တဲ့ အဝိဇ္ဇာအမှောင်ထုကြီးကို တစ်ခါတည်း ဖောက်ခွဲလိုက်တာပါပဲ။ ဝိပဿနာဉာဏ် အားကောင်းလာတဲ့အခါ မဂ်ဉာဏ်သို့ရောက်ပြီးတော့ အပြီးတိုင် ဖောက်ခွဲသွားတယ်။

**ဆောင်ပုဒ်။ ။ ကြက်ကောင်နှင့်သာ၊ ဝိပဿနာ၊ မှန်စွာတူပေသည်။**

ကြက်ကောင်လေး အားမရှိခင်တုန်းကတော့ အဝိဇ္ဇာ ဥခွံကြီးကို မဖောက်ခွဲနိုင်ဘူး။ အစေးတွေကို မရုန်းကန်နိုင်ဘူး။ ဥခွံထဲမှာ အဲဒီလိုပဲ ခံနေရတယ်။ တရားနာပရိသတ်များနှင့်တကွ ထိုထိုပုဂ္ဂိုလ်သတ္တဝါတွေလည်း ဒီတိုင်းပဲ။ ဝိပဿနာဉာဏ်က အားမရှိသေးတော့ သံသရာဝဋ်ဒုက္ခထဲမှ လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝတွေက မလွတ်မြောက်နိုင်ဘူး။ သံသရာဝဋ်ဒုက္ခတွေက မလွတ်မြောက်နိုင်အောင် အဝိဇ္ဇာအမှောင်ကြီးက ဖုံးထားတယ်။ တဏှာတည်းဟူသော အစေးတွေက ဆွဲကပ်ထားတယ်။ ဟုတ်ပါရဲ့လား ... ဟုတ်ပါတယ်ဘုရား။ ဟုတ်တယ်။

WWW.DHAMMARANSI.NET

ဝိပဿနာဉာဏ်က အားကောင်းသွားပြီဆိုတော့ ကြက်ကောင်လေးက သူအားရှိလာတဲ့အခါ သူအားတွေရှိသလောက် ခြေသည်းတွေကလည်းထက်၊ နှုတ်သီးတွေကလည်းထက်၊ အားရှိသလောက် ရန်းကန်လိုက်တဲ့အခါ ဥစ္စာကြီးပေါက်ကွဲပြီးတော့ အပြင်သို့ရောက်သွားသလို ဝိပဿနာဉာဏ် အားရှိလာတဲ့အခါ မဂ်ဉာဏ်သို့ရောက်သွားပြီး အဝိဇ္ဇာအမှောင်ထုကို ဖောက်ခွဲ၊ တဏှာအစေးတွေ အပါယ်ကျနိုင်တဲ့ လောဘကြမ်း တဏှာအစေးကိုလည်း ခန်းခြောက်စေလိုက်ပြီးတော့ အပါယ်တံခါးအပြီးတိုင်ပိတ်ပြီး ၇-ဘဝဖြင့် နိဗ္ဗာန်သို့ဝင်စံရတဲ့ ဥပမာပြထားတာကတော့ အတော်ပဲထင်ရှားပါတယ်။ သဘောကျစရာကြီးပါပဲ။

ဒီတော့ ကြက်မကြီးက ဝပ်ပေးရတယ်။ မဝပ်ပေးရင်တော့ ဒီဥကလေးတွေ ပုပ်သွားတာပါပဲ။ အခုတရားနာပရိသတ်များလည်း ဝိပဿနာမရှုပေးရပါဘူးလား ... ရှုပေးရပါတယ်ဘုရား။ မရှုပေးရင် ဘဝါဘဝကဆည်းပူးခဲ့တဲ့ ကုသိုလ်ပါရမီလေးတွေ ပုပ်သွားလိမ့်မယ်။ ဒီဘဝမှာမှ မရလိုက်ရင် ပုပ်သွားတာနဲ့မတူပါဘူးလား ... တူပါတယ်ဘုရား။ ပုပ်သွားတာနဲ့တူတယ်။ ပုပ်သွားနိုင်တယ်။ ကြက်မကြီးက မဝပ်ပေးရင်လည်း ကြက်ဥကလေးက ပုပ်သွားနိုင်သလို မိမိတို့မှာလည်း ကုသိုလ်ပါရမီထူးတွေ ဆည်းပူးခဲ့တာတွေရှိတယ်။ ရှိပင်ရှိငြားသော်လည်း ဒီဘဝမှာ ကြက်မကြီးကဝပ်ပေးသလို ဝိပဿနာတရား အားမထုတ်ဘူး

WWW.DHAMMARANSI.NET

ဆိုလို့ရှိရင်တော့ အဲဒီကုသိုလ်ပါရမီလေးတွေ ဒီဘဝအတွက် မဆုံးရှုံးသွားပါဘူးလား ... ဆုံးရှုံးသွားပါတယ်ဘုရား။

ပုပ်သွားလိမ့်မယ်တဲ့။ သူ့ဟာသဘောကျစရာကြီးပဲ။ ဒါဖြင့် ကြက်မကြီးနဲ့ ရှုသူနဲ့က တူနေတယ်။ မတူပါဘူးလား ... တူပါတယ်ဘုရား။ ကြက်မကြီးက ဝပ်ပေးရတယ်။ အခုတရားနာ ပရိသတ်များ ဝိပဿနာအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေက ရှုမှတ်ပေးနေရတယ်။

**ဆောင်ပုဒ်။ ။ ကြက်မနှင့်သာ၊ ရှုသူဟာ၊ မှန်စွာတူပေသည်။**

ကြက်မကြီးဟာ နေ့စဉ်နေ့တိုင်း တက်တက်ပြီးတော့ ကြက်ဥတွေပေါ်မှာ ဝပ်ပေးရတယ်။ ကြက်ရဲ့အငွေ့တွေနဲ့ အပူငွေ့တွေ ပေးရတယ်။ ကြက်ရဲ့အနံ့တွေနဲ့ ထုံပေးရတယ်။ ဝပ်ပေးခြင်း၊ အပူငွေ့ပေးခြင်း၊ အနံ့ထုံပေးခြင်းဟူ၍ သုံးမျိုး။ အဋ္ဌကထာဆရာတွေကတော့ တော်တော်ပဲ ကြက်ရဲ့သဘာဝကို သိပုံရတယ်။ ဝပ်ပေးတာရယ်၊ အပူငွေ့ပေးတာရယ်၊ အနံ့ထုံပေးတာရယ် သုံးမျိုးပြုလုပ်ပေးရတယ်။ ကြက်မကြီးတက်ဝပ်လိုက်တာ ကိစ္စဘယ်နှခုပြီးသွားလဲ ... ကိစ္စသုံးမျိုးပြီးပါတယ်ဘုရား။

သုံးမျိုး သုံးမျိုးပြီးသွားတယ်တဲ့။ အဲဒီလို ထုံပေး၊ ဝပ်ပေးရင် တစ်နေ့ ကြက်မကြီးဝပ်ပေးလိုက်တာ ဥခွံက ဘယ်လောက်ပါးသွားပြီ၊ အစေးတွေက ဘယ်လောက်ခန်းခြောက်သွားပြီ၊

ကြက်ကောင်လေးက ဘယ်လောက်ရင့်ကျက်သွားပြီဆိုတာတော့ မသိနိုင်ဘူးတဲ့။ ပကတိသောမျက်စိနဲ့ သိမှသိနိုင်ပါ့မလား ... မသိနိုင်ပါဘုရား။

အခုခေတ်တော့ သိပ္ပံနည်းနဲ့တော့ သိချင်လည်း သိမှာပေါ့။ သိဖို့ကိုလည်း သူတို့သိဖို့ တော်တော်လေး ခက်ပါလိမ့်မယ် ထင်တယ်။ ကြက်မကြီး တစ်နေ့ဝပ်ပေးလိုက်တာ ဥခွံက ဘယ်လောက်ပါးသွားပြီ၊ အစေးအညှော်တွေက ဘယ်လောက် ခန်းသွားပြီ၊ ကြက်ကောင်လေးက ဘယ်လောက်ရင့်ကျက်လာပြီ ဆိုတာ သေသေချာချာ မသိရဘူး။ အမှန်စင်စစ်တော့လည်း ဥခွံကြီးလည်း ပါးသွားတာပဲ။ အစေးအညှော်တွေလည်း ခန်းခြောက်သွားတာပဲ။ သူ့အတိုင်းအတာအရ ခန်းသွားတာပါပဲ။ ကြက်ကောင်လေးကလည်း သူ့အတိုင်းအတာအရ ရင့်ကျက်လာတာပဲ။ ဝပ်ပေးပါများတော့ တဖြည်းဖြည်း ဥခွံကြီးကလည်း ပါးသွား၊ အစေးအညှော်တွေကလည်း ခန်းသွား၊ ကြက်ကောင်လေးကလည်း ရင့်ကျက်လာတာပါပဲ။

ဝိပဿနာရှုမှတ်တာကလည်း ဒီအတိုင်းပါပဲတဲ့။ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ ကွေးတယ်၊ ဆန့်တယ်၊ ကိုင်တယ်၊ ယူတယ်ဟု မှတ်နေတဲ့အခါ တစ်မှတ်မှတ်လိုက်တာနဲ့ အဝိဇ္ဇာအမှောင်ထုကြီး ဘယ်လောက်ပါးသွားပြီ၊ တဏှာအစေးတွေ ဘယ်လောက်

ခန်းခြောက်သွားပြီ၊ ဝိပဿနာဉာဏ်က ဘယ်လောက်ရင့်ကျက်လာပြီလို့ သိမှသိရပါ့မလား … မသိရပါဘုရား။

အကျိုးတရားတွေ မထင်ရှားဘူးတဲ့။ အမှန်စင်စစ်တော့လည်း တစ်ချက်မှတ်တိုင်း တစ်ချက်မှတ်တိုင်း အဝိဇ္ဇာအမှောင်ထုက ပါးသွား၊ တစ်ချက်မှတ်တစ်ချက် တဏှာတည်းဟူသော အစေးက ခန်းခြောက်သွားတာပဲ။ တစ်ချက်မှတ်တစ်ချက် ဝိပဿနာဉာဏ်လေးကလည်း ရင့်ကျက်လာတာပါပဲ။ တရားနာပရိသတ်များ ယုံမှယုံပါရဲ့လား … ယုံပါတယ်ဘုရား။

ဟုတ်တယ်၊ ယုံမှဖြစ်မယ်။ တကယ်တမ်းလည်း မှန်နေတာပဲ။ အဲဒီကြက်မကြီးအတိုင်းပါပဲ။ ကြက်မကြီးက ဝပ်ဝပ်ပေးတာ တစ်နေ့ဝပ် တစ်နေ့တစ်ခါ တိုးတက်နေတာပါပဲ။ ဥခွံကြီးက ပါးသွား၊ အစေးတွေက ခန်းခြောက်သွား၊ ကြက်ကောင်လေးက ရင့်ကျက်လာတာဖြစ်တယ်။ ၂၈-ရက်ကြာတဲ့အခါကျတော့ ကြက်ကောင်လေးတွေက နှုတ်သီးတွေကလည်းထက်၊ ခြေသည်းတွေ လက်သည်းတွေကလည်းထက်၊ အားအင်တွေကလည်း ပြည့်ဖြိုးလာတယ်။ ဥခွံကြီးကလည်း ပါးသွားတဲ့အတွက်ကြောင့် အပြင်က အရောင်အလင်းတွေလည်း မြင်နေရတယ်။

အစေးတွေအညှော်တွေက ခန်းခြောက်သွားတဲ့အတွက်ကြောင့် လှုပ်လို့ လှည့်လို့ရလာ၍ သူ့ကအားရှိလာတော့ အစွမ်း

WWW.DHAMMARANSI.NET

ရှိသလောက် သူတွန်းကန်လိုက်တာပဲ။ နှုတ်သီးနဲ့ထိုးဖောက်၊ ခြေထောက်နဲ့ယက်ကန်လိုက်တာ ဥခွံကွဲထွက်သွားပြီးတော့ သူ အလိုရှိတဲ့ အလင်းခာတ်ထဲသို့ ရောက်သွားတာပါပဲ။ ရောက်သွား သလိုပါပဲ။

တရားနာပရိသတ်များ၊ ယောဂီများအတွက်လည်း ဒီအတိုင်းပါပဲ။ အစမှတ်ခါစမှာတော့ အကျိုးတရားတွေ ဘာမှ တော့ မထင်ရှားဘူး။ မထင်ရှားပင် မထင်ရှားပြားသော်လည်း အဝိဇ္ဇာအမှောင်ထုကြီးက တစ်နေ့မှတ်တစ်နေ့ပါး၊ တစ်မှတ်မှတ် ရင် တစ်မှတ်အတွက်ပါးသွား၊ တဏှာအစေးလေးကလည်း တစ်မှတ်မှတ်ရင် တစ်မှတ်ခန်းခြောက်သွား၊ ကြက်ကောင်လေးနဲ့ တူတဲ့ ဝိပဿနာဉာဏ်ကလည်း တစ်ချက်မှတ်တစ်ချက် ရင့်ကျက် နေတာပါပဲ။

မှတ်ပါမှတ်ပါများတော့ ဝိပဿနာဉာဏ်တွေ အားရှိလာ တဲ့အခါ သောတာပတ္တိမဂ်ဉာဏ်သို့ ရောက်သွားတာနဲ့ တစ်ပြိုင် နက်တည်း အပါယ်သံသရာကျလောက်အောင် ပိတ်ဖုံးထားတဲ့ အဝိဇ္ဇာအမှောင်ထုကြီးလည်း တစ်ခါတည်းပေါက်ကွဲသွား၊ အပါယ် သို့ကျစေနိုင်တဲ့ တဏှာအစေးတွေလည်း ခန်းခြောက်သွား၊ ဝိပဿနာဉာဏ်တွေ ရင့်ကျက်သွားတော့ သောတာပတ္တိမဂ်ဉာဏ် သို့ ရောက်သွားတဲ့အခါ အဲဒီအမှောင်ထုကြီးကို အပြီးတိုင်ဖောက်၊ တဏှာအစေးတွေကို ခန်းခြောက်စေပြီးတော့ တရားထူးတရား

WWW.DHAMMARANSI.NET

မြတ်တွေ ရသွားတာပါပဲဆိုတဲ့ အဓိပ္ပါယ်ကို အဋ္ဌကထာဆရာများ က ဖွင့်ပြပါတယ်။ အခုတရားနာပရိသတ်များ ရှုမှတ်နေတာ ရှုမှတ်ခါစမှာတော့ အကျိုးတရားတွေ မထင်ရှားဘူး။

ဉာဏ်စဉ်တွေ တော်တော်မြင့်သွားတဲ့အခါ အကျိုး တရားတွေ ထင်ရှားလာတယ်။ ရှုမှတ်ခါစမှာတော့ မှတ်ချက်တိုင်း မှတ်ချက်တိုင်းလည်း အခုပြောခဲ့တဲ့ အဝိဇ္ဇာတည်းဟူသော အမှောင်ကိုလည်းပါးစေ၊ တဏှာတည်းဟူသော အစေးကိုလည်း ခြောက်စေ၊ ဝိပဿနာဉာဏ်လေးတွေကိုလည်း ရင့်ကျက်စေနေ တာတော့ အမှန်ပဲတဲ့။ အဲဒါကိုသိထားတော့ အချိန်ရသမျှတော့ မမှတ်နေရပါဘူးလား ... မှတ်နေရပါတယ်ဘုရား။

ကောင်းတာလည်းမှတ်မှာပဲ၊ မကောင်းတာ ဆိုးတာတွေ လည်း ... မှတ်ရပါတယ်ဘုရား။ အမှတ်ချင်းက အတူတူပါပဲ။ ကောင်းတာကိုမှတ်ရင်လည်း အဝိဇ္ဇာအမှောင်ထုကို ပါးသွား အောင် ပြုလုပ်တာပါပဲ၊ တဏှာအစေးကိုလည်း ခန်းခြောက်အောင် ပြုလုပ်တာပါပဲ။ ဝိပဿနာဉာဏ်လေးကိုလည်း ရင့်ကျက်အောင် ပြုလုပ်တာပါပဲ။ မကောင်းတာမှတ်လည်း ဒီအတိုင်းပါပဲ။ ဒီတော့ ကောင်းတာလည်းမှတ်၊ မကောင်းတာလည်းမှတ်ပဲဆိုတာ မထင် ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြ တဲ့နည်း၊ ထိုင်မှတ်တဲ့အခါ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊

ထိတယ် အစရှိသဖြင့် မှတ်နေရတယ်။ မှတ်ခါစမှာတော့ ဘာမှ ထူးထူးခြားခြား မသိသေးဘူး။ ဖောင်းတာကလည်း မိမိဝမ်းဗိုက်ကပဲဖောင်း၊ မှတ်တာကလည်း မိမိကပဲမှတ်နေတယ်။ ပိန်တာကလည်း မိမိဝမ်းဗိုက်ကပဲ ပိန်သွားတယ်၊ မှတ်တာကလည်း မိမိကပဲ မှတ်နေတယ်။ ထိုင်တာကလည်း မိမိခန္ဓာကပဲ ထိုင်နေတယ်၊ မှတ်တာကလည်း မိမိကပဲမှတ်နေတယ်။ ထိတာကလည်း မိမိခန္ဓာကိုယ်ကပဲ ထိနေတယ်၊ မှတ်တာကလည်း မိမိကပဲ မှတ်နေတယ်လို့ မှတ်ခါစယောဂီပုဂ္ဂိုလ် ဝိပဿနာဉာဏ် ကောင်းကောင်းမဖြစ်သေးခင်မှာ တပေါင်းတည်းတလုံးတည်းပဲ မထင်နေဘူးလား ... ထင်နေပါတယ်ဘုရား။

ငါ ငါလို့ထင်နေတာ အများသိလား၊ အမှန်သိလား ... အများသိပါဘုရား။ အဝိဇ္ဇာအမှောင်က ဖုံးထားတယ်။ ကြက်ကလေးကို ကြက်ဥထဲက မထွက်နိုင်ရအောင် ဖုံးထားသလို တရားနာပရိသတ်များနှင့်တကွ ထိုထိုပုဂ္ဂိုလ်တွေကို အဝိဇ္ဇာအမှောင်က ဖုံးထားတယ်။ ငါ ငါလို့ ရုပ်တရား၊ နာမ်တရား တရားနှစ်ပါးကို မကွဲပြားတော့ ငါ ငါလို့ အသိမှားနေတာ ဘာပါလဲ ... အဝိဇ္ဇာပါဘုရား။

နောက်ဆက်ကာဆက်ကာရှုမှတ်တော့ သမာဓိဉာဏ်တွေ ဖြစ်လာပြီဆိုတော့ ဖောင်းတယ်လို့မှတ်လိုက်ရင် ဖောင်းနေတာကတခြား မှတ်သိလိုက်တာကတခြား၊ ပိန်တယ်လို့

WWW.DHAMMARANSI.NET

မှတ်လိုက်ရင် ပိန်နေတာကတခြား မှတ်သိလိုက်တာတခြား၊ ထိုင်တယ်လို့မှတ်လိုက်ရင် ထိုင်နေတာကတခြား မှတ်သိလိုက်တာကတခြား၊ ထိတယ်လို့မှတ်လိုက်ရင် ထိနေတာကတခြား မှတ်သိလိုက်တာကတခြား ကွဲပြားကွဲပြားပြီးတော့ သိလာတယ်။ ဖောင်းတာ၊ ပိန်တာ၊ ထိုင်တာ၊ ထိတာတွေက ဘာမှမသိတတ်တဲ့အတွက်ကြောင့် ရုပ်တရားလား၊ နာမ်တရားလား ... ရုပ်တရားပါဘုရား။ မသိတတ်တာ ... ရုပ်တရားပါဘုရား။ သိတတ်တာ ... နာမ်တရားပါဘုရား။

ဖောင်းတာ၊ ပိန်တာ၊ ထိုင်တာ၊ ထိတာတွေက ဘာမှမသိတတ်တဲ့အတွက်ကြောင့် ရုပ်တရား။ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်လို့ လိုက်လိုက်ပြီး မှတ်သိမှတ်သိနေတာက သိတတ်တဲ့အတွက်ကြောင့် ရုပ်တရားလား၊ နာမ်တရားလား ... နာမ်တရားပါဘုရား။ နာမ်တရား။ သိတတ်တာ နာမ်တရား။ ရုပ်တရား၊ နာမ်တရား နှစ်ပါးပဲရှိတယ်။ ငါဆိုတာ တကယ်တော့ မရှိပါလားလို့ အမှန်အတိုင်းမသိသွားပါဘူးလား ... အမှန်အတိုင်း သိသွားပါတယ်ဘုရား။

အဝိဇ္ဇာအမှောင်ကို ဝိပဿနာဉာဏ်က ဖောက်ထွင်းလိုက်တာပါပဲ။ အငယ်ဆုံး ဝိပဿနာဉာဏ်ကစပြီးတော့ မဖောက်ထွင်းနေပါဘူးလား ... ဖောက်ထွင်းနေပါတယ်ဘုရား။ ဖောက်ခွဲနေတာပဲ။ တဒင်္ဂ တဒင်္ဂ၊ မှတ်ချက်တိုင်း မှတ်ချက်တိုင်း

ဖောက်ခွဲနေတာပဲတဲ့။ တရားနာပရိသတ်များ၊ ယောဂီများကတော့ မြန်မာတွေဆိုတော့ လွယ်လွယ်လေး သိသွားတာပါပဲ။ နိုင်ငံခြားသား ဘာသာခြားတွေကျတော့ သူတို့ကျတော့ ခက်နေတယ်။ ရုပ်တရား၊ နာမ်တရားကလည်း ကောင်းကောင်းမကြားဖူးတော့ ပြောရတာ လွယ်သလား၊ ခက်သလား ... ခက်ပါတယ်ဘုရား။

ရုပ်တရား၊ နာမ်တရားလို့လည်း ပြောလို့နားမလည်ဘူး။ ခက်လိုက်တာ။ ဒါပေမယ့် သူတို့လည်းပဲ တကယ်အားထုတ်တော့ ဝိပဿနာဉာဏ်တွေ ဖြစ်လာတဲ့အခါ နိုင်ငံခြားသားယောဂီ မြန်မာစကားကလည်းမကျွမ်း၊ ဘာသာရေးလည်းမကျွမ်း၊ ရုပ်တရား နာမ်တရားလည်း ကောင်းကောင်းမခေါ်တတ်တော့ စမှတ်ခါစမှာ တော့ သူ့မှာ လူတစ်ယောက်တည်းပဲတဲ့။ အခုတော့သူ့မှာ လူ နှစ်ယောက် လူနှစ်ယောက်ဖြစ်သွားပြီတဲ့။ ဖြစ်နေပြီတဲ့။ ဘယ် ဉာဏ်ကိုပြောနေတာလဲ ... နာမရူပပရိစ္ဆေဒဉာဏ်ကို ပြောနေ ပါတယ်ဘုရား။

ဖောင်းတာ၊ ပိန်တာ၊ ထိုင်တာ၊ ထိတာတွေက လူတစ်ယောက်၊ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ် လို့ လိုက်လိုက်ပြီး မှတ်သိမှတ်သိနေတာက လူတစ်ယောက်။ လူဘယ်နှယောက်ဖြစ်သွားပါလဲ ... လူနှစ်ယောက်ဖြစ်သွားပါ တယ်ဘုရား။ အို... သူမပြောတတ်လို့ ပြောတတ်သလိုပဲ ပြောနေ တာကိုး။ ကမ္မဋ္ဌာန်းဆရာကတော့ မဆုံးဖြတ်ပေးရပါဘူးလား ...

WWW.DHAMMARANSI.NET

ဆုံးဖြတ်ပေးရပါတယ်ဘုရား။ ဘယ်ဉာဏ်ရောက်နေပြီလဲ ... နာမရူပပရိစ္ဆေဒဉာဏ် ရောက်နေပါပြီဘုရား။ ရောက်နေပြီတဲ့။ ရှုနည်းမှတ်နည်းမှန်လို့ရှိရင် မသိပါဘူးလား ... သိပါတယ်ဘုရား။ သိတယ်။

အဝိဇ္ဇာအမှောင်ထုကို စပြီးဖောက်ခွဲနေပြီ။ နာမရူပပရိစ္ဆေဒဉာဏ်ထဲက ငါ ငါလို့ အထင်မှားနေတာ ငါမှ မဟုတ်ဘဲလို့ အမှန်အတိုင်း မသိသွားပါဘူးလား ... အမှန်အတိုင်း သိသွားပါတယ်ဘုရား။ ရုပ်တရား၊ နာမ်တရား နှစ်ပါးပဲရှိလို့ သိသွားတာ အမှန်အတိုင်း သိသွားတာပါပဲ။

ဆင့်ကာဆင့်ကာမှတ်လို့ သမာဓိဉာဏ်တွေ တစ်ဆင့်ရင့်ကျက် အားရှိထက်သန်လာတဲ့အခါ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်လို့ မှတ်နေရင်း မှတ်နေရင်းပဲ ဉာဏ်ရှိတဲ့ ယောဂီပုဂ္ဂိုလ်က ကိုယ်တိုင်ပဲ သိသွားတယ်။ ဖောင်းတာ၊ ပိန်တာ၊ ထိုင်တာ၊ ထိတာတွေက ရှေ့ကပေါ်ပေါ် ပေါ်ပေါ်ပေးနေလို့ မှတ်သိစိတ်က နောက်က လိုက်မှတ်နေရတာပဲ။ ဖောင်းတာ၊ ပိန်တာတွေမရှိရင် မှတ်သိစိတ်က မှတ်လို့မရတော့ဘူး။ ဖောင်းတာ၊ ပိန်တာ၊ ထိုင်တာ၊ ထိတာတွေက အကြောင်းတရားပဲ။ မှတ်သိစိတ်က ... အကျိုးတရားပါဘုရား။

အကျိုးတရားပါလားလို့ ဒီလိုမသိသွားပါဘူးလား ... သိသွားပါတယ်ဘုရား။ အကြောင်းနဲ့အကျိုးကိုသိတာ ပစ္စယ

ပရိဂ္ဂဟာဉာဏ်တဲ့။ အဲဒီဉာဏ်စဉ်ကျတော့ ဖောင်းတာ၊ ပိန်တာ တွေက သိပ်မမှန်တော့ဘူး။ ဘေးဘက်ကိုလည်း ကပ်ပြီးတော့ ဖောင်းတာ၊ ပိန်တာတွေ ဖြစ်နေတတ်တယ်။ ကျောဘက်ကို ကပ်ပြီးတော့လည်း ဖောင်းတာ၊ ပိန်တာတွေ ဖြစ်နေတတ်တယ်။

တချို့တချို့သောပုဂ္ဂိုလ်တွေကျတော့ ငယ်ထိပ်မှာသွား ပြီးတော့ ဖောင်းတာ၊ ပိန်တာတွေ ဖြစ်နေတယ်။ ဖြစ်နေတော့ တချို့တချို့သောယောဂီက မမှတ်တတ်ဘူး။ ဖောင်းတာ၊ ပိန်တာ ဝမ်းဗိုက်မှာ မရှိတော့ဘူးဘုရား။ ရင်ဝရောက်သွားပြီဘုရား၊ ငယ် ထိပ်ရောက်သွားပြီဘုရား၊ ဘယ်လိုမှတ်ရပါ့မလဲ။ ရင်ဝပဲရွှေ့မှတ်၊ ငယ်ထိပ်ပဲရွှေ့မှတ်။ မရွှေ့မှတ်ရပါဘူးလား ... ရွှေ့မှတ်ရပါတယ် ဘုရား။ ဖောင်းတာ၊ ပိန်တာတွေ ရွှေ့သွားတိုင်း ရွှေ့သွားတိုင်း မှတ်သိစိတ်က နောက်ကလိုက်လိုက်ပြီးတော့ မှတ်နေရတော့ ဖောင်းတာ၊ ပိန်တာတွေက အကြောင်းတရား။ မှတ်သိစိတ်က ... အကျိုးတရားပါဘုရား။ အကျိုးတရားပဲလို့ ဒီလိုမသိသွားပါ ဘူးလား ... သိသွားပါတယ်ဘုရား။

အဲဒီဉာဏ်စဉ်မှာ ဖောင်းတာ၊ ပိန်တာတွေ တစ်ခါတစ်ခါ မထင်ရှားတော့ဘူး။ ဖောင်းတာ၊ ပိန်တာတွေ မထင်ရှားတော့ ဘူးဘုရား၊ ဘယ်လိုမှတ်ရမလဲ။ မထင်ရှားရင် မမှတ်နဲ့တော့။ မထင်ရှားရင် ထည့်မှတ်နေရမလား ... မမှတ်ရပါဘုရား။ မှန်းဆ ဆိုတာ ဝိပဿနာဉာဏ် ဘယ်တော့မှ မဖြစ်ဘူး။ မှန်းပြီးတော့၊

မှန်းဆပြီးတော့ ရှုမှတ်နေလို့ရှိရင် ဝိပဿနာဉာဏ် ဖြစ်သလား၊ မဖြစ်ဘူးလား ... မဖြစ်ပါဘုရား။

ဖြစ်ပျက် ဖြစ်ပျက် မှန်းဆပြီးတော့ ရှုမှတ်နေလို့ရှိရင် ဝိပဿနာဉာဏ် ဖြစ်မလား၊ မဖြစ်ဘူးလား ... မဖြစ်ပါဘုရား။ ဖြစ်ပျက်မှ မမြင်ဘဲနဲ့ ဖြစ်ပျက် ဖြစ်ပျက် သွားရှုနေတော့ ထို ပုဂ္ဂိုလ် တရားမြန်မလား၊ နှေးမလား ... နှေးပါမယ်ဘုရား။ နှေး သွားလိမ့်မယ်တဲ့။ မထင်ရှားရင် မမှတ်နဲ့တော့။ ဖောင်းတာ၊ ပိန်တာကို မရှာနဲ့တော့။ ရှာနေရင်လည်း အမှတ်တွေ မကျဲသွား ပါဘူးလား ... ကျဲသွားပါမယ်ဘုရား။ ထိုင်တယ် ထိတယ်၊ ထိုင်တယ် ထိတယ် မမှတ်ရပါဘူးလား ... မှတ်ရပါတယ်ဘုရား။

ထိုင်တယ်လို့ မှတ်တဲ့အခါမှာလည်း ခေါင်း၊ ကိုယ်၊ ခြေ၊ လက် ပုံသဏ္ဌာန်များကိုတော့ ခွာနိုင်သမျှခွာ၊ ထိုင်ချင်တဲ့စိတ် ကြောင့်ဖြစ်တဲ့ လေတွေကနေ တွန်းကန်ထားပေးလို့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေ တောင့်တင်းနေတဲ့ သဘောလေးကိုပဲ ထိုင်တယ်။ ထိတယ်လို့ မှတ်တဲ့အခါမှာလည်း တင်ပါးပုံသဏ္ဌာန် ဒြပ်၊ အခင်းပုံသဏ္ဌာန်ဒြပ်၊ ကြမ်းပုံသဏ္ဌာန်ဒြပ်တွေကိုတော့ ခွာ နိုင်သမျှခွာ။ အဲဒီပုံသဏ္ဌာန်ဒြပ်တွေက ပညတ်ပဲတဲ့။ ဝိပဿနာ ရှုဖို့ရာမဟုတ်ဘူး။ ထိထားလို့ မာနေတဲ့သဘောလေး ပူနေတဲ့ သဘောလေးကို ထိတယ်လို့ မှတ်ရပါတယ်။ မာနေတာက ပထဝီ။ ပူနေတာက ... တေဇောပါဘုရား။ အဲဒီဓာတ်သဘော

WWW.DHAMMARANSI.NET

တွေကို သိအောင် စူးစိုက်ပြီးတော့ မှတ်ရတယ်။ ဖောင်းတာ၊ ပိန်တာတွေ ရွေ့သွားတိုင်း ရွေ့သွားတိုင်း မှတ်သိစိတ်က လိုက်ရှုမှတ်နေရတယ်။ ဖောင်းတာ၊ ပိန်တာတွေက အကြောင်းပဲ။ မှတ်သိစိတ်က အကျိုးပဲ။ ဖောင်းတာ၊ ပိန်တာတွေမရှိတော့ မှတ်သိစိတ်လည်း မှတ်လို့မရတော့ဘူး။ ဖောင်းတာ၊ ပိန်တာက အကြောင်းပဲ၊ မှတ်သိစိတ်က အကျိုးပဲလို့ ဉာဏ်ရှိတဲ့ယောဂီပုဂ္ဂိုလ် မသိသွားပါဘူးလား ... သိသွားပါတယ်ဘုရား။ သိသွားတယ်တဲ့။

အကြောင်းနဲ့အကျိုးကို အမှန်အတိုင်း သိသွားတာဖြစ်တယ်။ အကြောင်းနဲ့အကျိုးကို မသိလို့ရှိရင် အဝိဇ္ဇာကဖုံးထားတာ။ ငါလုပ်တယ်၊ ငါပြုတယ်၊ ငါသိတယ်၊ ငါကြားတယ် စသည်ဖြင့် အကြောင်းနဲ့အကျိုးကိုမသိတော့ အဝိဇ္ဇာဖုံးလွှမ်းထားလို့ မသိတာ။ အခုတော့ အကြောင်းနဲ့အကျိုးကို မသိသွားပါဘူးလား ... သိသွားပါတယ်ဘုရား။

ဝိပဿနာဉာဏ်ကနေပြီးတော့ ဖောက်ခွဲလိုက်တာပါပဲ။ ပစ္စယပရိဂ္ဂဟဉာဏ်ကနေ ဖောက်ခွဲလိုက်တာပါပဲ။ အဲဒီပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်သွားတဲ့ယောဂီပုဂ္ဂိုလ်ဟာ အမှတ်တွေစိပ်စိပ် ရှုမှတ်လို့ရသွားတယ်။ ထိုင်ရာက ထရတော့မယ်၊ ထရာက ထိုင်ရတော့မယ်၊ ရပ်ရာက သွားရတော့မယ်ဆိုလို့ရှိရင် အဲဒီပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်သွားတဲ့ယောဂီပုဂ္ဂိုလ် အထူးသတိထားလို့ရှိရင် ချင်စိတ်ကလေးတွေ ထင်ရှားနေတတ်ပါတယ်။

WWW.DHAMMARANSI.NET

အခုတရားနာပရိသတ်များ တရားနာပြီးလို့ တရားပွဲပြီးဆုံးတဲ့အခါ၊ တရားထိုင်ပြီးလို့ ထိုင်ရာက ထရတဲ့အခါ ပစ္စယပရိဂ္ဂဟာဉာဏ် ရောက်နေတဲ့ယောဂီပုဂ္ဂိုလ် ထချင်တဲ့စိတ်တွေ ထင်ရှားနေတတ်ပါတယ်။ ထချင်တယ်၊ ထချင်တယ် မမှတ်ရပါဘူးလား ... မှတ်ရပါတယ်ဘုရား။

နောက်ပြီးမှ ထချင်တဲ့စိတ်ကြောင့်ဖြစ်တဲ့ လေတွေကနေ တွန်းပို့ပေးနေလို့ ထတဲ့ကိုယ်အမူအရာတွေ ဖြစ်လာတယ်။ ရှေ့ကိုအားယူလိုက်ရင် အားယူတယ် အားယူတယ်၊ လက်ကထောက်လိုက်ရင်လည်း ထောက်တယ် ထောက်တယ်၊ အားတွေပြည့်လာတဲ့အခါ ခန္ဓာကိုယ်အမူအရာတွေ အပေါ်ကိုတရွေ့ပြီးတရွေ့ ရွေ့ရွေ့တက်သွားတာကို ဗမာဝေါဟာရအားဖြင့် ဘယ်နှယ်ခေါ် ... ထတယ်၊ ထတယ်ပါဘုရား။

ထတယ်၊ ထတယ်ကလည်း ဝေါဟာရပညတ်ကြီးပဲတဲ့။ သူ့ကိုလည်း တကယ်သိဖို့တော့ မဟုတ်ပါဘူး။ အပေါ်ကို တရွေ့ပြီးတရွေ့ ရွေ့ရွေ့တက်နေတဲ့ သဘောလေးကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်တဲ့။ မျက်စိလေး ဖွင့်ထားရင် ကောင်းသလား၊ မှိတ်ထားရင် ကောင်းသလား ... မှိတ်ထားရင် ကောင်းပါတယ်ဘုရား။ မှိတ်ထားရင် ပိုထင်ရှားတယ်။ ထတယ်၊ ထတယ်လို့တော့ မှတ်နေတယ်။ မျက်စိက ဟိုကြည့်ဒီကြည့်ဆိုရင်တော့ တရားသဘော ထင်မှထင်ရှားပါ့မလား ... မထင်ရှားပါဘုရား။ မထင်ရှားဘူး။

WWW.DHAMMARANSI.NET

မှိတ်ထားလိုက်ရင် ပိုထင်ရှားတယ်။ တရွေ့ပြီးတရွေ့ တရွေ့ပြီးတရွေ့ အပေါ်ကို ရွေ့ရွေ့တက်သွားတာ ထင်ရှားနေတတ်ပါတယ်။ ခေါင်း၊ ကိုယ်၊ ခြေ၊ လက် ပုံသဏ္ဌာန်များကိုတော့ ခွာနိုင်သမျှခွာ။ အပေါ်ကို တရွေ့ပြီးတရွေ့ ရွေ့တက်နေတဲ့ သဘောလေးကိုတော့ သိနိုင်သမျှသိအောင်ရှုးစိုက်။ ရွေ့နေတဲ့ အစဉ်လေးကိုလည်း မိနိုင်သမျှမိအောင် ရှုးစိုက်ကြည့်။ ရှုးစိုက်လို့ ရသွားပြီဆိုလို့ရှိရင် ထတယ်၊ ထတယ်လို့ ရှုမှတ်လိုက်တဲ့ အခါ အပေါ်ကို တရွေ့ပြီးတရွေ့ ရွေ့တက်နေတာကို သိပြီးတဲ့ အပြင် ပေါ့ပေါ့ပြီးတော့ တက်သွားတာ ယောဂီဟောင်းများ ကိုယ်တိုင် မသိရပါဘူးလား ... ကိုယ်တိုင်သိရပါတယ်ဘုရား။

ပေါ့ပေါ့ပြီးတော့ တက်သွားတယ်။ တက်သွားတာကို သိတာ ဘာကိုသိတာလဲဆိုတော့ တေဇောဓာတ်နဲ့ ဝါယောဓာတ်ကို သိတာဖြစ်တယ်။ တေဇောဓာတ်ဆိုတာ အခိုးဓာတ်၊ အငွေ့ဓာတ်။ တရားနာပရိသတ်များရဲ့သန္တာန်မှာ ထင်ရှားစွာ ရှိနေပါတယ်။ ဝါယောဓာတ်ဆိုတာ လေဓာတ်။ လေဓာတ်ဆိုတာလည်း ထင်ရှားစွာရှိတယ်။ အပေါ့ဓာတ်ပါပဲ။ အဲဒီဓာတ်နှစ်ပါးကို ထူးခြားစွာ သိရတာပါပဲ။ အခြားသောဓာတ်တွေလည်း နောက်ကတော့ လိုက်ပါနေတယ်။ ပေါ့ပေါ့ပြီးတော့ တက်သွားတာ ... တေဇောဓာတ်နဲ့ ဝါယောဓာတ်ကို သိတာပါဘုရား။

WWW.DHAMMARANSI.NET

ဝိညာဏစိတ်ကိုသိရတာ တရားတွေ့ဖို့ တရားသိဖို့။ တရားစတွေ့ဖို့က သိပ်အရေးကြီးပါတယ်။ စေတနာစိတ်နဲ့ ဝိညာဏစိတ်ကိုသိရတာ ဒီခန္ဓာကိုယ်စိတ်သဘောတွေ လှုပ်ရှားနေတာပဲ။ ငါလှုပ်တာမဟုတ်ဘူး။ ငါလှုပ်တယ် ငါလှုပ်တယ်ဆိုတာ၊ ငါထတယ် ငါထတယ်ဆိုတာ အမှန်အတိုင်းသိတာလား၊ အမှားသိတာလား ... အမှားသိတာပါဘုရား။ ဘာနဲ့သိတာလဲ ... အဝိဇ္ဇာနဲ့သိတာပါဘုရား။ အဝိဇ္ဇာနဲ့သိတာ။

စိတ်သဘောတွေ ထင်နေတာပဲ။ အကြောင်းနဲ့အကျိုးပဲလို့ သိသိသွားတာက ဝိဇ္ဇာ။ အဝိဇ္ဇာကို ထိုးဖောက်တဲ့ ဝိပဿနာဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်ကနေပြီး အဝိဇ္ဇာအမှောင်ထုကို တဒင်္ဂ တဒင်္ဂ မဖောက်ခွဲနေပါဘူးလား ... ဖောက်ခွဲနေပါတယ်ဘုရား။ ဖောက်ခွဲနေတယ်။

## ဆောင်ပုဒ်။ ။ စေနှင့်ဝိမှာ၊ စိတ်နှစ်ဖြာ၊ ပေါ်တာထင်ရှားသည်။

စေ-က စေတနာစိတ်။ အနိုးစိတ်၊ အငွေ့စိတ်။ အပေါ့လား၊ အလေးလား ... အပေါ့ပါဘုရား။ ဝိ-က ဝိညာဏစိတ်။ ပေါ့သလား၊ လေးသလား ... အပေါ့စိတ်ပါဘုရား။ ပေါ့တယ်။ ဒီစိတ်နှစ်ပါးကို တွေ့ရတာပါပဲ။

WWW.DHAMMARANSI.NET

ထရပ်ရာကနေ သွားရတော့မယ်ဆိုလို့ရှိရင် ပစ္စယပရိဂ္ဂဟာ ဉာဏ်သို့ရောက်နေတဲ့ ယောဂီပုဂ္ဂိုလ် အထူးသတိထားလိုက်တဲ့ အခါ သွားချင်တဲ့စိတ်တွေ ရှေးဦးစွာ ထင်ရှားနေလို့ သွားချင် တယ်၊ သွားချင်တယ် ရှေးဦးစွာ မမှတ်ရပါဘူးလား ... မှတ်ရပါ တယ်ဘုရား။

နောက်ပြီးမှ သွားချင်တဲ့စိတ်ကြောင့်ဖြစ်တဲ့ လေတွေက နေ တွန်းပို့ပေးနေလို့ သွားတဲ့ကိုယ်အမူအရာတွေ ဖြစ်လာမှ သွားတယ် သွားတယ်၊ ဘယ်လှမ်းတယ် ညာလှမ်းတယ်၊ ကြွတယ် ချတယ်၊ ကြွတယ် လှမ်းတယ် ချတယ် စသည်ဖြင့် မှတ်ပြီး တော့ သွားရတယ်။

သွားရာကနေ ရပ်ရတော့မယ်ဆိုလို့ရှိရင် ပစ္စယပရိဂ္ဂဟာ ဉာဏ်သို့ရောက်နေတဲ့ ယောဂီပုဂ္ဂိုလ်၊ အမှတ်နဲ့သွားနေတဲ့ ယောဂီ ပုဂ္ဂိုလ် ရပ်ဖို့ရာနေရာရောက်ခါနီးမှာ နှစ်လှမ်းသုံးလှမ်းလောက်က စပြီးတော့ ရပ်ချင်တဲ့စိတ်တွေ ဖြစ်နေတာ ထင်ရှားတယ်။ သတိ ထားရင် မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ အမှတ်နဲ့ သွားလို့ သတိထားတဲ့ပုဂ္ဂိုလ် ထင်ရှားနေတော့ ရပ်ချင်တယ်၊ ရပ်ချင်တယ် မှတ်လို့မရပါဘူးလား ... မှတ်လို့ရပါတယ်ဘုရား။

နောက်ပြီးမှ ရပ်တဲ့ကိုယ်အမူအရာပေါ်လာမှ ရပ်တယ်၊ ရပ်တယ်။ ရပ်တယ်၊ ရပ်တယ်လို့ ရှုမှတ်တဲ့အခါမှာလည်း ခေါင်း၊

WWW.DHAMMARANSI.NET

ကိုယ်၊ ခြေ၊ လက် ပုံသဏ္ဍာန်ဒြပ်ကိုတော့ ခွာနိုင်သမျှခွာ၊ ရပ်ချင်တဲ့စိတ်ကြောင့်ဖြစ်တဲ့ လေတွေကနေ တွန်းကန်ထားလို့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေ တောင့်တင်းနေတဲ့ သဘောလေးကိုပဲ ရပ်တယ်၊ ရပ်တယ်လို့ ရှုမှတ်ရပါတယ်။

ရပ်နေရာကနေ ထိုင်ရတော့မယ်၊ တရားထိုင်ဖို့လာတဲ့အခါ ထိုင်ရတော့မယ်၊ ဆွမ်းစားဖို့သွားတဲ့အခါ ထိုင်ရတော့မယ့်အခါ အမြန်မထိုင်လိုက်ပါနဲ့ဦး။ အထူးသတိထားကြည့်ပါ။ ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်နေတဲ့ပုဂ္ဂိုလ်မှာ ထိုင်ချင်တဲ့စိတ်တွေ ရှေးဦးစွာ မထင်ရှားနေတတ်ပါဘူးလား ... ထင်ရှားနေတတ်ပါတယ်ဘုရား။

ထင်ရှားနေတော့ ထိုင်ချင်တယ်၊ ထိုင်ချင်တယ်လို့ မှတ်ပြီးမှ ထိုင်တဲ့ကိုယ်အမူအရာပေါ်လာမှ ထိုင်တယ်၊ ထိုင်တယ်။ ထိုင်တယ်၊ ထိုင်တယ်လို့ မှတ်တဲ့အခါမှာလည်း ယခုပြောခဲ့ပြီးတဲ့အတိုင်း ခေါင်း၊ ကိုယ်၊ ခြေ၊ လက် ပုံသဏ္ဍာန်များကိုတော့ ခွာနိုင်သမျှခွာ။ ခန္ဓာကိုယ်အမူအရာ အောက်ကို တရွေ့ပြီးတရွေ့ ရွေ့ရွေ့ကျသွားတဲ့ သဘောလေးကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်၍ ရှုမှတ်ရပါတယ်။ မျက်စိကိုတော့ မှိတ်ထားမလား၊ ဖွင့်ပြီးတော့ ကြည့်နေမလား ... မှိတ်ထားပါမယ်ဘုရား။

မှိတ်ထားရင် ပိုကောင်းတယ်။ မမှိတ်ထားရင်လည်း စက္ခုန္ဒြေချထား။ မှိတ်ထားကြည့်ရင်တော့ ပိုထင်ရှားတယ်။

WWW.DHAMMARANSI.NET

အောက်ကို တရွေ့ပြီးတရွေ့ ရွေ့ပြီးကျသွားတာကို သိပြီးတဲ့အပြင် လေးလေးပြီးတော့ကျသွားတာ ကိုယ်တိုင်ပဲ သိကြရပါတယ်။ လေးလေးပြီးတော့ ကျသွားတာကိုသိတာ ဘာကိုသိတာပါလဲဆို ရင် ပထဝီဓာတ်နဲ့ အာပေါဓာတ်ကိုသိတာ။ ပထဝီဓာတ်နဲ့အာပေါ ဓာတ် ဦးဆောင်ပြီးတော့ ထိုင်ကျသွားတာပဲတဲ့။ ပထဝီဆိုတာ မြေဓာတ်၊ အမာဓာတ်။ အလေးဓာတ်လား၊ အပေါ့ဓာတ်လား ... အလေးဓာတ်ပါဘုရား။ အာပေါဆိုတာ ရေဓာတ်။ အလေးဓာတ် လား၊ အပေါ့ဓာတ်လား ... အလေးဓာတ်ပါဘုရား။ ဒီဓာတ်နှစ်ပါး ကို သိရတာဖြစ်တယ်။

**ဆောင်ပုဒ်။ ။ ပနှင့်အာမှာ၊ ဓာတ်နှစ်ဖြာ၊ လေးတာထင်ရှားသည်။**

တရားသဘောတွေကို သိသွားပြီ။ ထိုင်နေ ထနေတာ ဓာတ်သဘောတွေပဲလို့ ဒီလိုသိသွားတာ အများသိလား၊ အမှန် သိလား ... အမှန်သိပါဘုရား။ ဓာတ်ကြီးလေးပါး ထိုင်နေ ထနေ တာ အမှန်သိဖြစ်တယ်။ အများသိဖြစ်တဲ့ ငါလို့သိနေတဲ့ အဝိဇ္ဇာ အမှောင်ကို ဖောက်ခွဲ ဖောက်ထွင်းနေတာပါပဲ။

အဲဒီပစ္စယပရိဂ္ဂဟဉာဏ်သို့ရောက်သွားတဲ့ ယောဂီပုဂ္ဂိုလ် ကို အဋ္ဌကထာဆရာများက စူဠသောတာပန်ပဲလို့ သတ်မှတ် ပေးပါတယ်။

WWW.DHAMMARANSI.NET

ဣတိမိနာ ပန ဉာဏေန သမ္ပန္နာဂတော ဝိပဿကော၊ ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နောနာမ ဟောတိ။

ဣတိမိနာ ပန ဉာဏေန = ဤသို့ အကြောင်းအကျိုး ကိုသိသော ပစ္စယပရိဂ္ဂဟဉာဏ်နှင့်၊ သမ္ပန္နာဂတော = ပြည့်စုံ သော၊ ဝိပဿကော = ဝိပဿနာတရားအားထုတ်သော ယောဂီ ပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ = မြတ်စွာဘုရား၏ သာသနာတော် မြတ်၌၊ လဒ္ဓဿာသော = ရအပ်သော သက်သာရာရှိသည် ဖြစ်၍၊ လဒ္ဓပတိဋ္ဌော = ရအပ်သော ထောက်ရာတည်ရာရှိသည် ဖြစ်၍၊ နိယတဂတိကော = ကောင်းမြတ်သောသုဂတိဘဝမြဲ သော၊ စူဠသောတာပန္နောနာမ = အငယ်စားသောတာပန်မည် သည်၊ ဟောတိ = ဖြစ်၏။ ဣတိ = ဤသို့၊ အဋ္ဌကထာစရိယော = အဋ္ဌကထာဆရာသည်၊ သံဝဏ္ဏေတိ = ကောင်းစွာမသွေ ဖွင့်ပြ တော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

အကြောင်းနဲ့အကျိုးကိုသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်သွားတဲ့ယောဂီပုဂ္ဂိုလ် မြတ်စွာဘုရားသာသနာတော်မှာ ထောက်ရာတည်ရာရသွားပြီ၊ သက်သာရာရသွားပြီတဲ့။ ဘယ်လို ဝါဒမျိုးနဲ့ ဟောဟောပြောပြော မတုန်လှုပ်တော့ပါဘူးတဲ့။ အကြောင်းမရှိဘဲနဲ့ အလိုလိုချမ်းသာတယ်၊ အလိုလိုဆင်းရဲတယ်

WWW.DHAMMARANSI.NET

ဆိုတဲ့ အဟောတုကာဒိဋ္ဌိ အဟောတုကအယူဝါဒဖြင့် ဘယ်လောက်ပဲ အဟောကောင်းတဲ့ပုဂ္ဂိုလ် ဟောဟောပြောပြော တရားနာပရိသတ်များ ယုံပါတော့မလား ... မယုံပါဘုရား။ မယုံတော့ဘူး။

အကြောင်းကောင်းရင် အကျိုးကောင်းမယ်၊ အကြောင်းဆိုးရင် ... အကျိုးဆိုးပါမယ်ဘုရား။ အကြောင်းဖြစ်တဲ့ မိမိရဲ့ စိတ်က စိတ်ကောင်းစိတ်မြတ်တွေ ဖြစ်နေတဲ့အခိုက်အတန့် ကောင်းသည့်အကျိုးဖြစ်တဲ့ ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေ ဖြစ်လို့ ကောင်းကျိုးတွေခံစားရတာ ကိုယ်တိုင်မသိရပါဘူးလား ... ကိုယ်တိုင်သိရပါတယ်ဘုရား။

အကြောင်းဖြစ်တဲ့ ကိုယ့်စိတ်က စိတ်ဆိုးစိတ်ညံ့တွေ ဖြစ်နေတဲ့အခိုက်အတန့် အကျိုးဖြစ်တဲ့ ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေက မကောင်းတဲ့ ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေဖြစ်လို့ မကောင်းတဲ့အပြစ်ဒဏ်တွေခံရတာ ကိုယ်တိုင်မသိရပါဘူးလား ... ကိုယ်တိုင်သိရပါတယ်ဘုရား။ အကြောင်းမရှိဘဲ အလိုလိုချမ်းသာတယ်၊ အလိုလိုဆင်းရဲတယ်ဆိုတဲ့ဝါဒနဲ့ ဘယ်လောက်ပဲ အဟောကောင်းကောင်း၊ ဘယ်လောက်ပဲ အပြောကောင်းကောင်း မတုန်လှုပ်တော့ပါဘူး။ သက်သာရာရသွားပြီ။ သို့မဟုတ်လို့ရှိရင်တော့ ဟုတ်များဟုတ်မလားမသိဘူး၊ ဟုတ်များဟုတ်မလားမသိဘူးဆိုတာ သက်သာပါရဲ့လား ... မသက်သာပါဘုရား။ မသက်သာဘူး။

WWW.DHAMMARANSI.NET

ဝိသမဟေတုဒိဋ္ဌိနဲ့ ဘယ်လိုပဲပြောပြော၊ ဘယ်လိုပဲဟော ဟော မတုန်လှုပ်တော့ဘူးတဲ့။ ဝိသမဟေတုဒိဋ္ဌိဆိုတာ ဖန်ဆင်း ဝါဒလို့ အဋ္ဌကထာဆရာတွေက ဖွင့်ပြတယ်။ လူတွေကို၊ ပုဂ္ဂိုလ် သတ္တဝါတွေကို ဗြဟ္မာ၊ ဗိဿနိုးစတဲ့ ဒီလိုတန်ခိုးရှင်ပုဂ္ဂိုလ်တွေ က ဖန်ဆင်းထားတာတဲ့။ တရားနာပရိသတ်များ ကြားဖူးပါရဲ့လား ... ကြားဖူးပါတယ်ဘုရား။

အဲဒီဖန်ဆင်းဝါဒကို အဋ္ဌကထာဆရာတွေက ဝိသမ ဟေတုဒိဋ္ဌိတဲ့။ ဘာဒိဋ္ဌိ ... ဝိသမဟေတုဒိဋ္ဌိပါဘုရား။ သမဆိုတာ ညီမျှတာ၊ ဝိသမဆိုတာ ... မညီမျှတာပါဘုရား။ အကြောင်းနဲ့ အကျိုးနဲ့ မညီမျှတဲ့ အယူအဆဒိဋ္ဌိတစ်မျိုးပဲတဲ့။ အမှားသိလား၊ အမှန်သိလား ... အမှားသိပါဘုရား။ အမှားသိပဲ။

အကြောင်းကတော့ တန်ခိုးရှင်တွေဆိုတာ ကရုဏာ၊ မေတ္တာရှင်တွေဖြစ်လို့ ကောင်းအောင်ပဲ အကုန်လုံးပြည့်စုံအောင်၊ အကုန်လုံးလှပတင့်တယ်အောင်၊ အကုန်လုံးချမ်းသာကြွယ်ဝ အောင် ဖန်ဆင်းပေးလိုက်တာပဲ။ လူတွေ၊ ပုဂ္ဂိုလ်သတ္တဝါတွေ လာဖြစ်တဲ့အခါကျတော့ အကုန်လုံးအကောင်း၊ အကုန်လုံးချမ်း သာ၊ အကုန်လုံးကြွယ်ဝတဲ့ ပုဂ္ဂိုလ်တွေချည်းပဲ ဖြစ်ပါသလား ... မဖြစ်ပါဘုရား။ အမျိုးမျိုးမဖြစ်နေဘူးလား ... အမျိုးမျိုးဖြစ်နေပါ တယ်ဘုရား။

WWW.DHAMMARANSI.NET

အို ... တချို့ကလည်းပြည့်စုံတယ်။ အဘက်ဘက်ကလည်း ပြည့်စုံတယ်၊ ပစ္စည်းပစ္စယကလည်း ပြည့်စုံတယ်၊ ရုပ်ရည်အဆင်းလည်း ပြည့်စုံတယ်၊ စိတ်နေစိတ်ထားကလည်း ပြည့်စုံတယ်။ ဒီလိုပုဂ္ဂိုလ်တွေလည်း မရှိပါဘူးလား ... ရှိပါတယ်ဘုရား။

တချို့ကလည်း အသင့်အတင့်ပဲ ပြည့်စုံတယ်။ ပစ္စည်းဥစ္စာလည်း အသင့်အတင့်၊ ရုပ်ရည်အဆင်းကလည်း အသင့်အတင့်၊ စိတ်နေစိတ်ထားလည်း အသင့်အတင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်လည်းရှိတယ်။

တချို့တချို့သောပုဂ္ဂိုလ်တွေကျတော့ မပြည့်စုံရှာဘူး။ ပစ္စည်းပစ္စယလည်း မပြည့်စုံ၊ ရုပ်ရည်အဆင်းကလည်း မပြည့်စုံ၊ စိတ်နေစိတ်ထားလည်း မပြည့်စုံတဲ့ပုဂ္ဂိုလ်တွေလည်း မရှိနေကြပါဘူးလား ... ရှိနေကြပါတယ်ဘုရား။

အို...သူတို့ဖန်ဆင်းတုန်းကတော့ အကုန်ကောင်းအောင်ချည်းပဲ ဖန်ဆင်းလိုက်တာ။ အကြောင်းကတော့ ကောင်းအောင်ချည်းပဲ ဖန်ဆင်းလိုက်တယ်။ အကျိုးတွေကျတော့ အကောင်းချည်းပဲဖြစ်သလား ... အကောင်းချည်းပဲမဖြစ်ပါဘုရား။ အကြောင်းနဲ့အကျိုး တူသလား၊ မတူဘဲဖြစ်နေသလား ... မတူပါဘုရား။ မတူတာကို ဘယ့်နှယ်ခေါ် ... ဝိသမဟေတုဒိဋ္ဌိလို့ခေါ်ပါတယ်ဘုရား။ မတူတာကို ဝိသမ။ တူတာကို သမ။

ပါဠိဝေါဟာရတွေကို သိသွားရအောင်လည်း နည်းနည်းပါးပါး မေးပေးရတယ်။ နို့မို့ မပြောတတ်ဘဲနေမယ်။

ဝိသမဟေတုဒိဋ္ဌိဆိုတာ အကြောင်းနဲ့အကျိုး တူတာလား၊ မတူတာလား ... မတူတာပါဘုရား။ မတူတာဖြစ်တယ်။ ဖန်ဆင်းတာက အကြောင်း၊ ပုဂ္ဂိုလ်သတ္တဝါတွေ ဖြစ်လာတာက ... အကျိုးတရားပါဘုရား။ ဖန်ဆင်းတဲ့အတိုင်း ဖြစ်သလား၊ မဖြစ်ဘူးလား ... မဖြစ်ပါဘုရား။ မဖြစ်ဘူးတဲ့။ အဲဒါကို အဋ္ဌကထာဆရာတွေက ဝိသမဟေတုဒိဋ္ဌိတဲ့။ အယူမှားအယူလွဲ တစ်ခုပဲတဲ့။ အမှားကြီးပဲတဲ့။ အဲဒီအမှားကြီးကိုလည်း ပစ္စယပရိဂ္ဂဟဉာဏ် ရောက်နေတဲ့ ယောဂီပုဂ္ဂိုလ်က ယုံမှာလား၊ မယုံဘူးလား ... မယုံပါဘုရား။ မယုံတာ ဖောက်ခွဲလိုက်တာဖြစ်တယ်။

အကြောင်းကောင်းရင် အကျိုးကောင်းတယ်။ အကြောင်းဆိုးရင် အကျိုးဆိုးတယ်။ အတိတ်အတိတ်ဘဝတွေက အကြောင်းကံကုသိုလ်တွေ များခဲ့တဲ့ပုဂ္ဂိုလ်တွေ ဒီဘဝမှာ ပြည့်ပြည့်စုံစုံဖြစ်နေတာပဲ။ အတိတ်ဘဝက အကြောင်းကံ အသင့်အတင့်ရှိတဲ့ ပုဂ္ဂိုလ်တွေ ဒီဘဝမှာ အသင့်အတင့် ပြည့်စုံနေတာပဲ။ အတိတ်ဘဝက အကြောင်းကံ နည်းခဲ့တဲ့ပုဂ္ဂိုလ်တွေ ဒီဘဝမှာ မပြည့်မစုံဖြစ်နေတာပဲလို့ တရားနာပရိသတ်များ၊ ယောဂီများ မသိပါဘူးလား ... သိပါတယ်ဘုရား။ သိတော့ အဲဒီဝိသမဟေတုဒိဋ္ဌိနဲ့ ဟောလို့ယုံမှာလား၊ မယုံဘူးလား။ ဘယ်လိုပဲ အဟောကောင်းကောင်း၊ ဘယ်လိုပဲ အပြောကောင်းကောင်း မယုံပါဘူး။

WWW.DHAMMARANSI.NET

ဝါဒတစ်ပါးသို့ ပြောင်းသွားနိုင်သလား ... မပြောင်းသွားနိုင်ပါဘုရား။ ဝိပဿနာတရားအားထုတ်ပြီးလို့ ဝါဒတစ်ပါးပြောင်းသွားတယ်ဆိုလို့ရှိရင် ဒီယောဂီ နေရာမှ ကျမှကျပါ့မလား ... နေရာမကျပါဘုရား။ ဒီယောဂီ ပစ္စယပရိဂ္ဂဟဉာဏ်သို့ မရောက်သေးဘူးလို့ ဆုံးဖြတ်လို့ မရပါဘူးလား။ ပစ္စယပရိဂ္ဂဟဉာဏ်တောင် မရောက်လို့ ယောဂီ ဝါဒတစ်ပါး ပြောင်းသွားပြီဆိုရင် နေရာမှကျပါ့မလား ... နေရာမကျပါဘုရား။ ယခုတရားနာပရိသတ်များကတော့ ဘယ်တော့မှ မပြောင်းတော့ဘူး။ ပြောင်းဦးမှာလား ... မပြောင်းပါဘုရား။ ဘယ်တော့မှ မပြောင်းတော့ဘူး။

**နိယတဂတိကော** = ကောင်းမြတ်သောသုဂတိဘဝမြဲသော။ လူ့ပြည်၊ နတ်ပြည် ၆-ထပ်၊ ဗြဟ္မာပြည်ဆိုတဲ့ သုဂတိဘဝတွေ မြဲသွားပြီတဲ့။ သုဂတိဘဝ မြဲသွားပြီဆိုတော့ ဒုဂ္ဂတိဘဝဆိုတဲ့ အပါယ်ငရဲသို့ မကျရောက်နိုင်တော့ဘူးဆိုတဲ့အစိုးပွါယ်လည်း အလိုလိုမပြီးသွားပါဘူးလား ... အလိုလိုပြီးသွားပါတယ်ဘုရား။ အလိုလိုပြီးသွားတယ်။

ဝိပဿနာဉာဏ်က ဖောက်ခွဲလိုက်တာ အမှားသိတွေကိုလွန်လွန်သွားတော့ အလင်းဖြစ်တဲ့ လူ့ပြည်၊ နတ်ပြည်ကိုလည်း မရောက်သွားပါဘူးလား ... ရောက်သွားပါတယ်ဘုရား။ ကြက်ကလေး ဥခွံတွေပါးလာတော့ အပြင်ကအလင်းတွေမြင်တော့ အားမရှိလာပါဘူးလား ... အားရှိလာပါတယ်ဘုရား။ အဲဒီလိုပါ

WWW.DHAMMARANSI.NET

ပဲတဲ့။ ဝိပဿနာဉာဏ် အားရှိတဲ့ပုဂ္ဂိုလ်က ပိုပြီး အမြင်မှန်တွေ ရလေ၊ အလင်းဓာတ်တွေရလေပဲဆိုတဲ့ အဓိပ္ပါယ်။

**စုဋ္ဌသောတာပန္နောနာမ** = အငယ်စားသောတာပန်မည် သည်၊ **ဟောတိ** = ဖြစ်၏။

စူဠသောတာပန်ဖြစ်သွားပြီ၊ အငယ်စားသောတာပန် ဖြစ်သွားပြီ။ ဒုတိယဘဝစသည်မှာ အပါယ်ငရဲ မကျနိုင်တော့ဘူး တဲ့။ တရားနာပရိသတ် ယုံမှယုံပါရဲ့လား ... ယုံပါတယ်ဘုရား။ အို ... သိပ်ယုံစရာပဲ။ ပစ္စယပရိဂ္ဂဟဉာဏ် ရောက်နေတဲ့ပုဂ္ဂိုလ် ကိုယ့်စိတ်ကို ကိုယ်ပြန်သိနေတာကိုး။ အကြောင်းဖြစ်တဲ့စိတ်ကို သိနေတော့ ဒီစိတ်ကလေးတော့ စိတ်ကောင်းစိတ်မြတ်ပဲလို့ ဆက်လက်တည်တံ့နေအောင် မမွေးမြူရပါဘူးလား ... မွေးမြူ ရပါတယ်ဘုရား။ ဒီစိတ်ကတော့ စိတ်ဆိုးစိတ်ညံ့ကြီးပဲလို့သိတော့ မြန်မြန်မပယ်ရပါဘူးလား ... မြန်မြန်ပယ်ရပါတယ်ဘုရား။ စိတ် ကောင်းစိတ်မြတ်တွေ ဖြစ်တာများတော့ ကုသိုလ်ဖြစ်တာများ မလား၊ အကုသိုလ်ဖြစ်တာများမလား ... ကုသိုလ်ဖြစ်တာ များပါမယ်ဘုရား။ ကုသိုလ်ဖြစ်တာများတဲ့ပုဂ္ဂိုလ် ကုသိုလ်များတဲ့ ပုဂ္ဂိုလ် အပါယ်ငရဲကျသလား၊ မကျဘူးလား ... အပါယ်ငရဲမကျ ပါဘုရား။

စူဠသောတာပန်လို့သတ်မှတ်တာ သဘာဝကျပါရဲ့လား ... သဘာဝကျပါတယ်ဘုရား။ ဝိပဿနာတရားအားထုတ်တဲ့

WWW.DHAMMARANSI.NET

ပုဂ္ဂိုလ်တစ်ဦးကို ဘယ်လိုနေလို့ရှိရင် စူဠသောတာပန်လို့ သတ်မှတ်ပေးရမလဲလို့ စာပေကျမ်းဂန်အရ ပြောပြပါ၊ ဆရာတော်၊ သံဃာတော်တွေ ဆုံးဖြတ်ပေးပါဆိုလို့ရှိရင် ဘယ်လိုမှ ဆုံးဖြတ်ပေးလို့မရဘူး။ စူဠသောတာပန်လို့ဆုံးဖြတ်ဖို့ရာ စာပေကျမ်းဂန်အနေနဲ့ အတော့်ကိုခက်ပါတယ်။ အခုဝိပဿနာတရားအားထုတ်လိုက်တော့ စူဠသောတာပန်လို့သတ်မှတ်ဖို့ရာ လွယ်ပါသလား။ ခက်ပါသလား ... လွယ်ပါတယ်ဘုရား။ ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်ရင် ... စူဠသောတာပန်ပါဘုရား။ စူဠသောတာပန်လို့ ပြောရဲရမယ်တဲ့။ ပြောမှပြောရဲပါ့မလား ... ပြောရဲပါတယ်ဘုရား။ ပြောရဲမှ နေရာကျမယ်။

ဒီတော့မှ ကိုယ့်တရားကို ကိုယ်ယုံရာရောက်တာကိုး။ မပြောရဲရင်တော့ ကိုယ့်တရားကို ကောင်းကောင်းမယုံဘူးဆိုတဲ့ အဓိပ္ပါယ်မကျပေဘူးလား ... အဓိပ္ပါယ်ကျပါတယ်ဘုရား။ တရားနာပရိသတ်များ၊ ယောဂီများကတော့ ပြောကိုပြောရဲတယ်။ ပြောရဲနေတဲ့အဆင့်ပါပဲ။

ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်သွားတော့ အကြောင်းနဲ့အကျိုးပဲ၊ အကြောင်းကောင်းရင် အကျိုးကောင်းတယ်၊ အကြောင်းဆိုးရင် အကျိုးဆိုးတယ်လို့သိတာ အမှန်သိလား၊ အမှားသိလား ... အမှန်သိပါဘုရား။ အမှန်သိ။ အမှန်သိဆိုတော့ အဝိဇ္ဇာအမှောင်ကို ဖောက်ခွဲနေတာပဲ။ လွတ်မြောက်သွားဖို့ပဲ။

ဘဝသံသရာမှ လွတ်မြောက်သွားဖို့ပါပဲ။ ဆက်ကာဆက်ကာ ရှုမှတ်လို့ သမာဓိဉာဏ် တစ်ဆင့်ရင့်ကျက် အားရှိထက်သန် လာတဲ့အခါ ၃-နံပါတ်ဉာဏ်စဉ် ရောက်သွားတယ်။

၃-နံပါတ်ဉာဏ်စဉ်က သမ္မသနဉာဏ်တဲ့။ အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တပဲလို့ သုံးသပ်ပြီးတော့သိတဲ့ဉာဏ်ကို သမ္မသနဉာဏ်။ အဲဒီဉာဏ်က နာမည်ကြီးဉာဏ်။ ဘာနာမည်ကြီးသလဲဆိုတော့ ဆိုးတာနာမည်ကြီးတယ်။ သိပ်ဆိုးတယ်။ ရှေးက သမထအား မထုတ်ခဲ့ဖူးတဲ့၊ သမထမလေ့လာခဲ့ဖူးတဲ့ပုဂ္ဂိုလ်၊ ဝိပဿနာကို အခုမှစပြီး အားထုတ်တဲ့ပုဂ္ဂိုလ် သမ္မသနဉာဏ်သို့ ရောက်လာတဲ့ အခါ ထိုင်လို့မှသိပ်မကြာသေးဘူး နာတာ၊ ကျင်တာ၊ ကိုက်တာ၊ ခဲတာ၊ မူးတာ၊ ယားတာ၊ ညောင်းနေတာ၊ ပင်ပန်းနေတာ၊ အောင့်ချင်အန်ချင်ရှိနေတာ၊ ယိမ်းနေတာ၊ ယိုင်နေတာတွေ ဖြစ် လာတတ်ပါတယ်။ အနည်းနဲ့အများ မဖြစ်တတ်ပါဘူးလား ... ဖြစ်တတ်ပါတယ်ဘုရား။ ဖြစ်လာတယ်။

ယောဂီက အို... ဒီခန္ဓာကိုယ်ကြီးက ဒုက္ခတုံး ဒုက္ခခဲကြီး ပါလား။ ဘယ်မှာချမ်းသာတာရှိလို့လဲ။ ယိမ်းလိုက်၊ ယိုင်လိုက်၊ မူးလိုက်၊ ယားလိုက်နဲ့ ဖြစ်နေတော့ ချမ်းသာပါသေးရဲ့လား ... မချမ်းသာပါဘူးဘုရား။ သြော်-ဒုက္ခပဲလို့ သုံးသပ်ပြီးတော့သိတာ သမ္မသနဉာဏ်ရဲ့ လက္ခဏာပဲတဲ့။ ယောဂီတော်တော်များများ သိပါတယ်။ မှတ်နေရတာလည်း ဒုက္ခပဲဘုရားတဲ့။ ကောင်းတယ်

WWW.DHAMMARANSI.NET

လို့လည်း မရှိလှပါဘူးတဲ့။ ညည်းသံလေးနဲ့၊ ဘယ်ဉာဏ်များ ရောက်နေပြီလဲ ... သမ္မသနဉာဏ် ရောက်နေပါပြီဘုရား။ သမ္မသနဉာဏ်ရောက်နေတယ်။

ဒီနာတာ၊ ကျင်တာ၊ ကိုက်တာ၊ မူးတာ၊ ယားတာတွေလည်း ခုတစ်မျိုး ခုတစ်မျိုး၊ ခုနာလိုက်၊ ခုကျင်လိုက်၊ ခုအောင့်လိုက်၊ ခုယားလိုက်နဲ့ အမျိုးမျိုးပြောင်းလဲနေတယ်။ မမြဲပါလား။ မမြဲပါလားဆိုတာ မြန်မာလို၊ ပါဠိလိုကျတော့ အနိစ္စပါလား။ အနိစ္စပါလားလို့ သုံးသပ်ပြီးတော့သိတာ သမ္မသနဉာဏ်ဖြစ်တယ်။

ဒီလို နာတာ၊ ကျင်တာ၊ ကိုက်တာ၊ ခဲတာ၊ မူးတာ၊ ယားတာတွေ၊ ဒုက္ခဝေဒနာအမျိုးမျိုးတွေ ခံချင်လို့ ဝိပဿနာတရားလာအားထုတ်တာမဟုတ်ဘူး။ ချမ်းချမ်းသာသာနဲ့ တရားတွေမြန်မြန်တွေ့၊ တရားတွေမြန်မြန်တက်၊ မြန်မြန်ရသင့်ရထိုက်တဲ့ တရားထူးတရားမြတ်တွေ မြန်မြန်ရအောင် လာအားထုတ်တာဖြစ်တယ်။ အခုတော့ ကိုယ်ဖြစ်ချင်တိုင်းလည်း ဖြစ်လို့မရပါလား။ ဒီခန္ဓာကိုယ်ကြီး ကိုယ်အစိုးမရပါလား။ ကိုယ်အစိုးမရပါလားဆိုတာ မြန်မာလို၊ ပါဠိလိုကျတော့ ... အနတ္တပါဘုရား။ အနတ္တပါလားလို့ သုံးသပ်ပြီးတော့သိတာကို သမ္မသနဉာဏ်။

အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တပဲလို့ သုံးသပ်ပြီးသိတဲ့ဉာဏ် သမ္မသနဉာဏ်။ ဩော် - ဒီခန္ဓာကိုယ်ကြီးက မမြဲ၊ ဆင်းရဲ၊

WWW.DHAMMARANSI.NET

ကိုယ်အစိုးမရတဲ့ ခန္ဓာကိုယ်ကြီးပဲလို့သိတာ အမှန်သိလား၊ အမှား သိလား … အမှန်သိပါဘုရား။ ဤခန္ဓာကိုယ်ကြီးကို အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တပဲလို့ သိနေတာ အဝိဇ္ဇာကို ဖောက်ခွဲနေတာ ဖြစ်တယ်။ ဖောက်ထွင်းနေတာဖြစ်တယ်။ နေရာမကျပါဘူးလား … နေရာကျပါတယ်ဘုရား။ နေရာကျလိုက်တာ။ လွတ်မြောက်ဖို့ရာပါပဲ။ အခြေခံကောင်းပဲဖြစ်တယ်။

ဆင့်ကာဆင့်ကာမှတ်လိုက်တော့ သမာဓိဉာဏ်များ တစ်ဆင့်ရင့်ကျက် အားရှိထက်သန်လာတဲ့အခါ ၄-နံပါတ်ဉာဏ် ဖြစ်တဲ့ ဥဒယဗ္ဗယဉာဏ်သို့ ရောက်သွားတယ်။ ဥဒယဗ္ဗယဉာဏ် ဆိုတာ ဥဒယ-က ဖြစ်၊ ဝယ-က ပျက်။ ဖြစ်ပျက်ကိုသိတဲ့ဉာဏ်။ ဥဒယဗ္ဗယဉာဏ် အနုပိုင်းမှာ ဖြစ်ပျက်ကိုတော့ မသိရသေးဘူး။ ဘာကိုသိတာများပါသလဲဆိုတော့ ချမ်းသာတာကိုပဲ သိရတာ များတယ်။ ချမ်းသာနဲ့ပဲ ရှေးဦးစွာ တွေ့ရတယ်။ ဥဒယဗ္ဗယဉာဏ် ရောက်သွားတဲ့ ယောဂီပုဂ္ဂိုလ်ဟာ ချမ်းသာမှုတွေ ထင်ရှားလာ တယ်။

ကာယလဟုတာ စိတ္တလဟုတာ = ကိုယ်ကလည်းပေါ့ပါး၊ စိတ်ကလည်းပေါ့ပါး။ သမ္မသနဉာဏ်မှာတုန်းက ကိုယ်ကလည်း လေးလံ၊ စိတ်ကလည်းလေးလံ၊ စိတ်တွေလည်းခက်ထန်၊ စိတ် တွေလည်း ဆိုးနေတတ်တယ်။ တပည့်တော် စိတ်တွေဆိုးနေ တယ်ဘုရားတဲ့။ တချို့ယောဂီက လျှောက်တယ်။ ဟုတ်တယ်။

WWW.DHAMMARANSI.NET

ယောဂီဉာဏ်ကိုက စိတ်ဆိုးတဲ့ဉာဏ်ပဲ။ သမ္မသနဉာဏ်မှာတုန်းက မဆိုးနေပါဘူးလား ... ဆိုးနေပါတယ်ဘုရား။

ဥဒယဗ္ဗယဉာဏ်သို့ရောက်တော့ ကိုယ်ကလည်းချမ်းသာ၊ စိတ်ကလည်းချမ်းသာ။ ကိုယ်ကလည်းပေါ့ပါး၊ စိတ်ကလည်းပေါ့ပါး။ ကာယမုဒုတာ စိတ္တမုဒုတာ = ကိုယ်ကလည်းနူးညံ့၊ စိတ်ကလည်းနူးညံ့။ ကိုယ်စိတ်တွေ သူ့ဟာသူ အလိုလိုနူးညံ့လာတယ်။ ကမ္မဋ္ဌာန်းဆရာတွေကတော့ ကိုယ်တိုင်ပဲ သိနေကြတယ်။ ဩော် - ယောဂီတော့ ဥဒယဗ္ဗယဉာဏ် ရောက်လာပြီပဲ သိကြတယ်။

ကာယုဇုကတာ စိတ္တုဇုကတာ = ကိုယ်ကလည်းဖြောင့်မတ်၊ စိတ်ကလည်းဖြောင့်မတ်။ တရားလာလျှောက်တဲ့အခါ လျှောက်စရာလေးတွေ ဖြောင့်ဖြောင့်မှန်မှန်လျှောက်လိုက်တာ ဟိုး-ငယ်ရွယ်စဉ်အခါက ဖြစ်ခဲ့တာလေးတောင် တချို့က ပြန်လျှောက်တယ်။ ပြည့်စုံပါပြီ၊ ပြည့်စုံပါပြီလို့ တားရပါတယ်။ ကိုယ်ကလည်းဖြောင့်၊ စိတ်ကလည်းဖြောင့်နေတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ ဘယ်ဉာဏ်များရောက်နေလို့ပါလဲ ... ဥဒယဗ္ဗယဉာဏ်သို့ ရောက်နေပါပြီဘုရား။ အနုပိုင်းလား၊ အရင့်ပိုင်းလား ... အနုပိုင်းပါဘုရား။ အနုပိုင်းရောက်နေပြီဖြစ်တယ်။

ဖြစ်တာပျက်တာတော့ မတွေ့သေးဘူး။ ကာယကမ္မညတာ စိတ္တကမ္မညတာ = ကိုယ်ကလည်းခန့်ကျန်း၊ စိတ်ကလည်း

ခန့်ကျန်း။ အောက်အောက်ဉာဏ်တွေ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်တွေမှာ ၁-နာရီမှာ တစ်ခါ နှစ်ခါ ပြင်ပြီးထိုင်နေရတဲ့ပုဂ္ဂိုလ် ဥဒယဗ္ဗယဉာဏ်သို့ ရောက်လာတဲ့အခါ မပြင်ရတော့ဘူး။ ၁-နာရီကို ချမ်းချမ်းသာသာ လွယ်လွယ်ကူကူ ထိုင်နိုင်သွားတယ်။ အောက်အောက်ဉာဏ်တွေမှာ ကတည်းက ၁-နာရီမှာ မပြင်ဘဲနဲ့ ထိုင်နိုင်တဲ့ယောဂီပုဂ္ဂိုလ်ကျတော့ ဥဒယဗ္ဗယဉာဏ်ကို ရောက်လာတဲ့အခါ ၂-နာရီ၊ ၃-နာရီ၊ ၄-နာရီ၊ ၅-နာရီ စသည်ဖြင့် ဆက်လက်ပြီးတော့ ထိုင်နိုင်သွားတယ်။ ကိုယ်ကလည်းခန့်ကျန်း၊ စိတ်ကလည်းခန့်ကျန်းလို့ဖြစ်တယ်။

ကာယပါဂုညတာ စိတ္တပါဂုညတာ = ကိုယ်ကလည်း လေ့လာပြီးသား၊ စိတ်ကလည်း လေ့လာပြီးသားဖြစ်တယ်။ မှတ်စရာအာရုံနဲ့ မှတ်သိစိတ်တို့ အလိုလိုမှတ်နေသကဲ့သို့ ဖောင်းတာ၊ ပိန်တာ၊ ထိုင်တာ၊ ထိတာတွေက အလိုလိုပေါ်လို့ မှတ်သိစိတ်ကလည်း အလိုလိုမှတ်နေရသကဲ့သို့ ထိုင်ပြီးတော့ ကြည့်နေရသလို တချို့တချို့ယောဂီက မကြာခဏ လျှောက်ထားလေ့ရှိပါတယ်။ တပည့်တော် ထိုင်ပြီးတော့ ကြည့်နေရသလိုပဲဘုရားတဲ့။ ဖောင်းတာ၊ ပိန်တာတွေကလည်း အလိုလိုပေါ်လို့ မှတ်သိစိတ်ကလည်း အလိုလိုမှတ်နေရသကဲ့သို့ ဖြစ်နေပါတယ်တဲ့။ ဘယ်ဉာဏ်များရောက်ပါပြီလဲ ... ဥဒယဗ္ဗယဉာဏ် ရောက်နေပါပြီဘုရား။

WWW.DHAMMARANSI.NET

ပြန်ပြန်မေးရတယ်။ မေးပြီးတော့မှ ဆက်၍ဟောရတယ်။ အာရုံတစ်ပါးသို့ စိတ်မရောက်သွားရအောင် မြတ်စွာဘုရားပေးတဲ့ နည်းပါပဲ။ ပြန်ပြန်မေးကြည့်ရတယ်။ မမေးရင် တရားနာပရိသတ်များရဲ့စိတ်က ဟိုရောက်ဒီရောက် ရောက်နေရင်တော့ နေရာမှ ကျပါတော့မလား ... နေရာမကျပါဘုရား။ ဘယ်ဉာဏ်ရောက်သွားပြီ ... ဥဒယဗ္ဗယဉာဏ် ရောက်နေပါပြီဘုရား။ အနုပိုင်းလား၊ အရင့်ပိုင်းလား ... အနုပိုင်းပါဘုရား။ အနုပိုင်းတဲ့။

ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ = ကိုယ်ကလည်းငြိမ်းအေး၊ စိတ်ကလည်းငြိမ်းအေး။ လူ့ဘဝမှာ တစ်ခါမှ အခုလောက် ကိုယ်စိတ်တွေ မငြိမ်းအေးခဲ့ဖူးဘူးဘုရား။ တပည့်တော်စိတ်တွေက အလွန်ပဲ ငြိမ်းအေးတယ်။ ဥပမာအားဖြင့် ပြောရမယ်ဆိုလို့ရှိရင် တပည့်တော်ကိုယ်ကလေးက ပစ်တိုင်းထောင်လေး ထောင်ထားသလို ငြိမ်းအေးနေပါတယ်ဘုရားတဲ့။ ဘယ်ဉာဏ်များ ရောက်နေပါပြီလဲ ... ဥဒယဗ္ဗယဉာဏ် ရောက်နေပါပြီဘုရား။ အနုပိုင်းလား၊ အရင့်ပိုင်းလား ... အနုပိုင်းပါဘုရား။

ကာယိကသုခ စေတသိကသုခ = ကိုယ်ကလည်းချမ်းသာ၊ စိတ်ကလည်းချမ်းသာ။ တစ်ခါမှ လူ့ဘဝမှာ ယခုလောက် ကိုယ်စိတ်တွေ မချမ်းသာဖူးဘူး။ ဝိပဿနာပီတိသုခနဲ့ ပျော်မွေ့နေရတာ လူသာမန်မဆိုထားနဲ့ နတ်သာမန်တောင်မှ မပျော်မွေ့နိုင်ဘူးဟု မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း အမှတ်

WWW.DHAMMARANSI.NET

ကောင်းတဲ့ယောဂီပုဂ္ဂိုလ်တွေ ဥဒယဗ္ဗယဉာဏ် အနုပိုင်းမှာ ကိုယ်တိုင်ပဲ ပျော်မွေ့နေတာကို တွေ့ရတယ်။

**သုညာဂါရံ ပဝိဋ္ဌဿ သန္တစိတ္တဿ ဘိက္ခုနော၊**
**အမာနုသီရတိ ဟောတိ သမ္မာ ဓမ္မံ ဝိပဿတော။**

သုညာဂါရံ = ဆိတ်ငြိမ်ရာကမ္မဋ္ဌာန်းကျောင်းသို့၊ **ပဝိဋ္ဌဿ** = ဝင်လျက်၊ **သန္တစိတ္တဿ** = ငြိမ်သက်သောစိတ်ရှိသည်ဖြစ်၍၊ **သမ္မာ** = ကောင်းစွာ၊ **ဓမ္မံ** = ရုပ်တရား နာမ်တရားတို့၏ ဖြစ်ခြင်းပျက်ခြင်းသဘောကို၊ **ဝိပဿတော** = ဝိပဿနာရှုသော၊ **ဘိက္ခုနော** = ဘေးကိုရှုတတ်ယောဂီမြတ်အား၊ **အမာနုသီ** = လူသာမန် နတ်သာမန်တို့ မခံစားမတွေ့သိနိုင်သော၊ **ရတိ** = ဝိပဿနာပီတိသုခတို့ဖြင့် ပျော်မွေ့ခြင်းသည်၊ **ဟောတိ** = ဖြစ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

ဥဒယဗ္ဗယဉာဏ်သို့ရောက်နေတဲ့ ယောဂီပုဂ္ဂိုလ် ဆိတ်ငြိမ်ရာကမ္မဋ္ဌာန်းကျောင်းသို့ ချဉ်းကပ်ပြီးတော့ ရုပ်တရား၊ နာမ်တရားတို့၏ ဖြစ်ခြင်းပျက်ခြင်းသဘောကို ရှုမှတ်နေလိုက်တာ ဝိပဿနာပီတိသုခတွေဖြစ်လာလို့ အဲဒီဝိပဿနာပီတိသုခတွေနဲ့

WWW.DHAMMARANSI.NET

ပျော်မွေ့နေရတာ လူသာမန်မဆိုထားနဲ့ နတ်သာမန်တွေတောင်မှ မပျော်မွေ့နိုင်ဘူးလို့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့အတိုင်း အမှတ်ကောင်းတဲ့ ယောဂီပုဂ္ဂိုလ်တွေ ကိုယ်တိုင်ပဲ တွေ့သိကြရပါတယ်။

အဲဒီမှာ ယောဂီက သာယာပြီးတော့ အမှတ်တွေရပ်သွားတတ်တယ်။ အထူးသတိမထားရပါဘူးလား ... အထူးသတိထားရပါတယ်ဘုရား။ တချို့ကလည်း အဲဒီဥဒယဗ္ဗယဉာဏ်ရောက်နေတာကို သူက တရားထူးတရားမြတ်တွေ ရထားပြီလို့လည်း ဒီလိုထင်သွားတတ်တယ်။

တပည့်တော် အရောင်အလင်းတွေ သိပ်တွေ့နေရပါတယ်။ ကောင်းကင်ကို ရောက်နေသလိုပါပဲဘုရားတဲ့။ တပည့်တော် တရားထူးတရားမြတ်တွေ ရထားပြီလို့ လျှောက်ထားတယ်။ ရပြီလား ... မရသေးပါဘုရား။ ဥဒယဗ္ဗယဉာဏ်ရောက်တာနဲ့ တရားထူးတရားမြတ် ရသွားပြီလို့ ထင်သွားတဲ့ပုဂ္ဂိုလ် တရားတွေ နှေးမလား၊ မြန်မလား ... နှေးပါမယ်ဘုရား။ နှေးသွားလိမ့်မယ်။ ဆိုလိုက်ပါဦး။

ဆောင်ပုဒ်။ ။ ရှုမှတ်ကောင်းဆဲ၊ သာယာစွဲ၊
အထဲရပ်နေသည်။

WWW.DHAMMARANSI.NET

တရားတွေ ရပ်သွားပြီတဲ့။ အဲဒီလိုမရပ်ရအောင် ဆက်ကာဆက်ကာ ရှုမှတ်ရတယ်။ ရိရိသေသေ စူးစူးစိုက်စိုက် ရှုမှတ်ရတယ်။ ပေါ့ပေါ့ဆဆ ရှုမှတ်ရင်တော့ အဲဒီချမ်းသာကိုပဲ ယောဂီက စွဲလမ်းသာယာပြီးတော့ အချိန်တွေကုန်သွားတတ်တယ်။

ဖောင်းတယ်လို့ ရှုမှတ်တဲ့အခါမှာ ဖောင်းစနဲ့ဖောင်းဆုံး၊ ပိန်စနဲ့ပိန်ဆုံးကို အထူးစူးစိုက်ပြီးတော့ ရှုမှတ်ကြပာ ကမ္မဋ္ဌာန်းဆရာတွေက ညွှဝါဒပေးရတယ်။ ယောဂီ ... ပေါ့ပေါ့ဆဆလေး မှတ်နေလို့မဖြစ်ဘူး။ ဖောင်းစနဲ့ဖောင်းဆုံး၊ ပိန်စနဲ့ပိန်ဆုံးကို သိအောင်စူးစိုက်ပါ။ ၁-ရက် ၂-ရက်တော့ ... မရသေးပါဘုရား။ နောက် ၁-ရက် ၂-ရက်တော့ ... ရပါပြီဘုရား။ ဖောင်းစနဲ့ ဖောင်းဆုံး၊ ပိန်စနဲ့ပိန်ဆုံး တပည့်တော် ကောင်းကောင်းစူးစိုက်လို့ ရပါပြီဘုရား။ ဖောင်းစက ဖြစ်၊ ဖောင်းဆုံးကျတော့ ... ပျက်ပါဘုရား။ ဖြစ်ပျက်ကိုမြင်သွားတော့ တရားတွေ ရှေ့ကိုတက်သွားတယ်။ မြဲတယ်လို့ထင်နေတာကို ဖြစ်ပျက်ကိုမြင်သွားတော့ ဖြစ်ပြီးတာနဲ့ပျက်၊ ဖြစ်ပြီးတာနဲ့ပျက်လို့ မြင်သွားတော့ မမြဲဘူး။ မမြဲဘူးဆိုတာ ကိုယ်တိုင် မသိသွားပါဘူးလား ... ကိုယ်တိုင် သိသွားပါတယ်ဘုရား။

မြဲတယ်လို့ထင်နေတာ ဝိဇ္ဇာလား၊ အဝိဇ္ဇာလား ... အဝိဇ္ဇာပါဘုရား။ အဝိဇ္ဇာမောဟဖုံးနေတာပဲတဲ့။ အခုတော့ ဖြစ်ပြီးတာနဲ့ပျက်၊ ဖြစ်ပြီးတာနဲ့ပျက်တာကိုမြင်တော့ မမြဲပါလား။ မမြဲ

WWW.DHAMMARANSI.NET

ပါလားဆိုတာ အမှန်အတိုင်းသိတာက ဝိပဿနာဉာဏ်ကနေ ပြီးတော့ အဝိဇ္ဇာကို ထိုးဖောက်ဖျက်ဆီးနေတာပဲတဲ့။ ဆင့်ကာ ဆင့်ကာမှတ်တော့ သမာဓိဉာဏ် တစ်ဆင့်ရင့်ကျက် အားရှိ ထက်သန်လာတဲ့အခါ ဖောင်းတယ်လို့မှတ်လိုက်ရင် ဖောင်းတာ လေးက အဆင့်ဆင့် အဆင့်ဆင့်ဖြစ်ပြီးတော့ ပျက်သွားတာ ယောဂီဟောင်းများ ကိုယ်တိုင်ပဲ တွေ့ကြရတယ်။ ဖောင်းတာက လည်းမမြဲ မှတ်သိစိတ်လည်းမမြဲ။ ဖောင်းတာလည်းမမြဲ ပိန်တာ လည်းမမြဲဘူးလို့ မမြဲတာကိုသိသွားတာ အနိစ္စဉာဏ်။ အနိစ္စ ဉာဏ်ဖြစ်လာတာနဲ့ တစ်ပြိုင်နက်တည်း နိစ္စလို့ထင်နေတဲ့ အဝိဇ္ဇာအမှောင်ကို ပယ်ပြီးသား မဖြစ်သွားပါဘူးလား ... ပယ် ပြီးသား ဖြစ်သွားပါတယ်ဘုရား။ ပယ်ပြီးသား ဖြစ်သွားတယ်။

ဆင့်ကာဆင့်ကာမှတ်လို့ သမာဓိဉာဏ် တစ်ဆင့် ရင့်ကျက် အားရှိထက်သန်လာတဲ့အခါ ဖောင်းတယ်လို့မှတ်လိုက် ရင် ဖောင်းစက မထင်ရှားတော့ဘူး။ ဖောင်းဆုံးမှာပဲ ထင်ရှား တယ်။ ပိန်တယ်လို့မှတ်လိုက်ရင် ပိန်စမှာ မထင်ရှားတော့ပါဘဲ နဲ့ ပိန်ဆုံးမှာပဲ ထင်ရှားတယ်။ ဖောင်းတယ်လို့မှတ်လိုက်ရင် ဖောင်းဆုံးမှာ ရိပ်ခနဲကုန်ပျက်သွားတာ၊ ပိန်တယ်လို့မှတ်လိုက် ရင် ပိန်ဆုံးမှာ ရိပ်ခနဲကုန်ပျက်သွားတာကို ယောဂီ တွေ့လာ ပါတယ်။

WWW.DHAMMARANSI.NET

ဉာဏ်စဉ်တစ်ဆင့် တက်သွားတာပဲ။ နောက်သမာဓိဉာဏ် တစ်ဆင့်ရင့်ကျက် အားရှိထက်သန်လာတဲ့အခါ ဖောင်းတယ်လို့မှတ်လိုက်ရင် ဖောင်းတဲ့အမူအရာလေးလည်း ရိုပ်ခနဲကုန်ပျက်၊ မှတ်သိစိတ်လည်း လိုက်ပြီးတော့ကုန်ပျက်။ ပိန်တယ်လို့မှတ်လိုက်ရင် ပိန်တဲ့အမူအရာလေးလည်း ရိုပ်ခနဲကုန်ပျက်၊ ပိန်တယ်လို့မှတ်လိုက်တဲ့ မှတ်သိစိတ်ပါကုန်ပျက်။ ကုန်ပျက်သွားတာမြင်တော့ ဖောင်းတဲ့ပိန်တဲ့ ကိုယ်အမူအရာ ရုပ်တရားတွေလည်း မမြဲဘူး၊ မှတ်သိစိတ်လည်း မမြဲဘူးလို့ မသိလာပါဘူးလား ... သိလာပါတယ်ဘုရား။ မမြဲဘူးဆိုတာ မြန်မာလို၊ ပါဠိလိုကျတော့ ... အနိစ္စပါဘုရား။ အနိစ္စပါလား။ မြဲတယ်လို့ နိစ္စလို့ထင်နေတဲ့ အဝိဇ္ဇာအမှောင်ကို ဖောက်ခွဲနေတာ ဖောက်ခွင်းလိုက်တာပါပဲ။

နောက်သမာဓိဉာဏ်တွေ တစ်ဆင့်ရင့်ကျက် အားရှိထက်သန်လာတဲ့အခါ ဖောင်းတယ်လို့မှတ်လိုက်ရင် ဖောင်းတဲ့အမူအရာလေး ရိုပ်ခနဲကုန်ပျက်၊ မှတ်သိစိတ်ပါ လိုက်ကုန်ပျက်။ ပိန်တယ်လို့မှတ်လိုက်ရင် ပိန်တဲ့အမူအရာလေး ရိုပ်ခနဲကုန်ပျက်၊ မှတ်သိစိတ်ပါ လိုက်ပြီးတော့ကုန်ပျက်။ ဖောင်းတဲ့ပိန်တဲ့ ရုပ်အမူအရာတွေလည်းမမြဲ၊ မှတ်သိစိတ်လည်းမမြဲဘူး။ မမြဲပါလားလို့ အနိစ္စဉာဏ်ထင်လာတော့ နိစ္စလို့ထင်နေတဲ့ အမှားသိအဝိဇ္ဇာကို ပယ်ခြင်းကိစ္စ ... ပြီးသွားပါတယ်ဘုရား။ ပြီးသွားပါတယ်။

ဆင့်ကာဆင့်ကာမှတ်တော့ တစ်ခါ ဘယဉာဏ်သို့ ရောက်လာပါတယ်။ ဖောင်းတာ၊ ပိန်တာတွေက ကုန်ပျက်ကုန်ပျက်တာလည်း အလွန်လျင်မြန်တော့ ဘယ်ဟာကိုပဲမှတ်လိုက်မှတ်လိုက် အလျင်အမြန် အလျင်အမြန် ကုန်ပျက်နေတော့ကြောက်စရာကြီးပါလား။ ဒီခန္ဓာကိုယ်ကြီး အမြဲပျက်နေပါလားလို့ ကြောက်စရာကြီးပဲလို့ထင်တာ ဘယဉာဏ်တဲ့။

ဆင့်ကာဆင့်ကာမှတ်တော့ အာဒီနဝဉာဏ်သို့ ရောက်လာပါတယ်။ ဒီခန္ဓာကိုယ်ကြီး အပျက်ကြီးပဲ၊ ဘာတစ်ခုမှ သာယာစရာမရှိဘူး။ အပုပ်တွေ၊ အဆွေးတွေလိုပဲ။ ဒီခန္ဓာကိုယ်ကြီးရဲ့အပြစ်တွေကို မြင်လာတယ်။ အပြစ်တွေမြင်တဲ့ဉာဏ်ကိုတော့အာဒီနဝဉာဏ်လို့ ဆိုရတယ်။

အပျက်တွေချည်းပဲမြင်ရတော့ ငြီးငွေ့လာတယ်။ ဒီခန္ဓာကိုယ်ကြီး ဘာတစ်ခုမှ သာယာဖွယ်မရှိဘူး။ ငြီးငွေ့စရာ ခန္ဓာကိုယ်ကြီးပဲလို့ တစ်ခါထင်လာပြန်တယ်။ နိဗ္ဗိဒါဉာဏ်တဲ့။ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ် တစ်ဆက်တည်းလိုပဲဖြစ်တယ်။ တချို့တချို့က တစ်မျိုးပဲထင်ရှားတယ်။ တစ်မျိုးထင်ရှားတာပဲများတယ်။ သုံးမျိုးလုံးလည်း ထင်ရှားတော့ ထင်ရှားတတ်ပါတယ်။

နိဗ္ဗိဒါဉာဏ်ပြီးတော့ မုဉ္စိတုကမျတာဉာဏ် ဖြစ်လာတယ်။ အပျက်တွေချည်းပဲတွေ့နေရတော့ ဒီခန္ဓာကိုယ်ဟာ

WWW.DHAMMARANSI.NET

ဘာတစ်ခုမှ ကောင်းတာမရှိဘူး။ လွှတ်ပစ်ချင်တယ်။ စွန့်သာ စွန့်ပစ်လိုက်ချင်တယ်။ ဘယ်ဘုံဘဝမှလည်း မလိုချင်တော့ဘူး။ နတ်ဘဝ၊ ဗြဟ္မာဘဝတွေလည်း မလိုချင်တော့ဘူး။ အကုန်လုံး စွန့်ပစ်ချင်တယ်။ အမှတ်တွေလည်း လွှတ်ထားလိုက်ချင်တယ်။ မမှတ်ချင်တော့ဘူး။ လွတ်မြောက်ချင်တဲ့ဉာဏ်ကို မုဉ္စိတုကမျတာ ဉာဏ်တဲ့။ တကယ်လည်း လွတ်မြောက်ချင်တဲ့စိတ်တွေ ဖြစ်ပြီး တော့ အမှတ်တွေလည်း မမှတ်ဘဲနဲ့ နေမိတတ်တယ်တဲ့။

လွတ်မြောက်ချင်တဲ့ဉာဏ်။ အဲဒီဉာဏ်တွေဖြစ်လာတော့ တဏှာအစေးတွေလည်း မခန်းခြောက်သွားပါဘူးလား ... ခန်းခြောက်သွားပါတယ်ဘုရား။ အို ... ဘဝတွေမှာ စွဲလမ်းသာ ယာ။ လူ့ဘဝကိုလည်း စွဲလမ်းသာယာလိုက်၊ နတ်ဘဝကိုလည်း စွဲလမ်းသာယာလိုက်၊ ဗြဟ္မာဘဝကိုလည်း စွဲလမ်းလိုက်သာယာ လိုက်။ အဲဒီစွဲလမ်းသာယာနေတာတွေကို ဘာလို့ခေါ် - တဏှာ အစေးတဲ့။ ကြက်ဥထဲက အစေးနဲ့တူတဲ့ တဏှာအစေးဖြစ်တယ်။

အဲဒီအစေးနဲ့တူတဲ့ တဏှာက အကျဉ်းအားဖြင့် ကာမ တဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာလို့ ၃-မျိုးရှိပေတယ်။ အကျယ်ချဲ့လိုက်တော့ ၁၀၈ ဖြစ်ပေတယ်။ ထို့ကြောင့် ရှေးဆရာ တော်ကြီးများက ဆောင်ပုဒ်များဖြင့် ဖွင့်ပြခဲ့ကြတယ်။

ဆောင်ပုဒ်။ ။ တဏှာသုံးတန်၊ တည်၍ခံ၊
အာကာသံဖြင့်မြှောက်။

တဏှာအစစ်၊ တစ်ရာ့ရှစ်၊
စင်စစ်ထိုမျှလောက် ဟူ၍ ဖွင့်ပြခဲ့ကြပါသည်။

တဏှာ ၃-တန်က ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝ တဏှာဟူသော ၃-တန်ကိုတည်ထား။ အာ-က အာရုံ ၆-ပါးဖြင့် မြှောက်ပါ။ ၁၈-ဖြစ်သည်။ ကာ-က ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ဟူ၍ ၃-ပါးဖြစ်တယ်။ ထို ၃-ပါးဖြင့် ၁၈-ကိုမြှောက်ပါ။ ၅၄ ဖြစ်သွားတယ်။ သံ-က အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန်ဟူ၍ ၂-ပါးဖြစ်တယ်။ ထို ၂-ပါးဖြင့် ၅၄ ကိုမြှောက်ပါ။ ၁၀၈ ဖြစ်သွားပါ တယ်။

၃x၆=၁၈၊ ၁၈x၃=၅၄၊ ၅၄x၂=၁၀၈။

ဤ ၁၀၈-ပါးသော တဏှာများက ဘဝတွေမှ မလွတ် မြောက်နိုင်ရအောင် ပုဂ္ဂိုလ်သတ္တဝါတွေကို ဆွဲ၍ဆွဲ၍ကပ်ထား သည်ဟူသော အဓိပ္ပါယ်ဖြစ်ပေတယ်။

ကြက်ဥထဲက အစေးတွေ ကြက်ကလေး မလှုပ်နိုင် ရအောင် ဆွဲကပ်ထားတယ်။ တရားနာပရိသတ်များသန္တာန်မှာ

WWW.DHAMMARANSI.NET

ရှိနေတဲ့ တဏှာအစေးကလည်း ဘဝသံသရာမှ မလွတ်မြောက်အောင် လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝတွေမှာ ကပ်ငြိနေရအောင် သူကလည်း ဆွဲကပ်ထားတဲ့အတွက်ကြောင့် အစေးနဲ့မတူပါဘူးလား ... အစေးနဲ့တူပါတယ်ဘုရား။

မုဉ္စိတုကမျတာဉာဏ်ရောက်တော့ အဲဒီအစေးတွေ ခန်းခြောက်သွားတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ ဘယ်ဘဝမှ မလိုချင်တော့ဘူးဘုရားတဲ့။ နောင်ဘဝလည်း မလိုချင်တော့ဘူးဘုရားတဲ့။ ဒီဘဝတွေမှ လွတ်မြောက်ချင်ပါပြီ ဘုရားတဲ့။ ယောဂီပုဂ္ဂိုလ်များ ဉာဏ်စဉ်တော်တော်မြင့်တဲ့ ယောဂီ ပုဂ္ဂိုလ်များ မကြာခဏ လျှောက်ထားပါတယ်။ တဏှာအစေး တွေ ခန်းခြောက်သွားတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ် ဘုရား။ အို... သိပ်ထင်ရှားတာပဲ။ သိပ်အားရစရာကောင်းတာပဲ။

ဘယ်ဘဝမှ မလိုချင်တော့ဘူးဘုရားတဲ့။ အို...ကောင်း သလား၊ ဆိုးသလား...ကောင်းပါတယ်ဘုရား၊ အို...လိုချင်ရင်တော့ နောင်ဘဝတွေ ဒုက္ခတွေ မတွေ့ရပါဘူးလား ... တွေ့ရမှာပါဘုရား။ ဘဝတွေလိုချင်ရင် အိုရတဲ့ဒုက္ခလည်း၊ နာရတဲ့ဒုက္ခလည်း ... တွေ့ရမှာပါဘုရား။ သေရတဲ့ဒုက္ခလည်း...တွေ့ရမှာပါဘုရား။ ဗြဟ္မာ ပြည်ရောက်နေသော်လည်း...တွေ့ရမှာပါဘုရား။ တစ်နေ့သောအခါ ဝက်စားကျင်းထဲကို မရောက်လာပါဘူးလား ... ရောက်သွားမှာ ပါဘုရား။ "ဗြဟ္မာပြည်မှာတဝင်းဝင်း၊ ဝက်စားကျင်းမှာတရှင်းရှင်း"။

ဘယ်ဘုံဘဝမှ မလိုချင်တော့ဘူးဘုရားတဲ့။ တဏှာအစေးတွေ ခန်းခြောက်သွားတာ သိပ်ထင်ရှားတယ်။ ဒီလိုအမှတ်တွေ လွှတ်ထားလို့တော့မဖြစ်ဘူး။ ပြန်မှတ်မှပဲ လွတ်မြောက်မယ်ဆိုပြီးတော့ ပြန်မှတ်တာကတော့ ပဋိသင်္ခါဉာဏ်ဖြစ်တယ်။ ပဋိသင်္ခါဉာဏ်ဆိုတာ ပြန်ပြီးတော့ရှုမှတ်တဲ့ဉာဏ်ဖြစ်တယ်။ အဲဒီဉာဏ်ကလည်း ဉာဏ်ဆိုးပဲတဲ့။ နာတာ၊ ကျင်တာ၊ အောင့်တာ၊ ကိုက်တာ၊ ခဲတာ၊ မူးတာ၊ ယားတာတွေ ပြန်ပြီးတော့ ဖြစ်လာတတ်တယ်။ ခန္ဓာကိုယ်ကလည်းဆင်းရဲ၊ စိတ်ကလည်းဆင်းရဲ။ တချို့တချို့သော ယောဂီများကျတော့ ခန္ဓာကိုယ်ဆင်းရဲတာထက်ကို စိတ်ဆင်းရဲတာ ပိုထင်ရှားတယ်။ စိတ်ကဘယ်လိုဖြစ်သွားမှန်း မသိတော့ဘူးဘုရားတဲ့။ တပည့်တော်စိတ်တွေ ပြောင်းပြန်ဖြစ်ကုန်ပြီတဲ့။ ကြည်ညိုရမယ့် မိဘဆရာသမားတွေ၊ ရတနာသုံးပါးတွေ မကြည်ညိုတော့ဘူး။ ဆန့်ကျင်ဘက်လိုပဲ သူ့စိတ်ထဲမှာ ဖြစ်လာတယ်တဲ့။

ဘယ်ဉာဏ်ရောက်နေပါသလဲ ... ပဋိသင်္ခါဉာဏ်ရောက်နေပါတယ်ဘုရား။ နံပါတ်အားဖြင့် ၁၀။ နံပါတ် ၁၀-ဉာဏ်ကဆိုးတဲ့ဉာဏ်ပါပဲ။ ကမ္မဋ္ဌာန်းဆရာတွေက အိမ်ပြန်တဲ့ဉာဏ်တဲ့။ ဘာဉာဏ် ... အိမ်ပြန်တဲ့ဉာဏ်ပါဘုရား။ ရက်တွေကလည်း တော်တော်ကြာသွားပြီ။ တစ်လကျော်ကျော်ရှိသွားပြီ။ အစပိုင်းအရှေ့ပိုင်းတုန်းကတော့ တော်တော်လေးကောင်းလို့ပဲ။ အခုတော့ ပြန်ဆိုးလာတယ်။ နာတာ၊ ကျင်တာ၊ အောင့်တာ၊ ခဏခဏ

ပြင်ချင်၊ ခဏာခဏာလှုပ်ချင်၊ လက်ကလေးလှုပ်လိုက်ချင်၊ ခြေကလေးလှုပ်လိုက်ချင်။ ဟိုကယား၊ ဒီကယား။ မှတ်နေလို့ ကောင်းနေရဲ့သားနဲ့ ထသွားချင်။ ဘယ်ဉာဏ်ရောက်နေလဲ ... ပဋိသင်္ခါဉာဏ် ရောက်နေပါတယ်ဘုရား။ ယောဂီဟောင်းများ ဗဟုသုတ မရှိရပါဘူးလား ... ရှိရပါတယ်ဘုရား။ ယောဂီအသစ်ကလေးများကို ပြန်ပြီးတော့ တရားတွေ တိုးတက်အောင် ထောက်ပံ့ပေး ပြောပြပေးလိုက်ရင် နေရာမကျပါဘူးလား ... နေရာကျပါတယ်ဘုရား။

ဒီဉာဏ်က တော်တော်ဆိုးတဲ့ဉာဏ်ပဲ။ ယောဂီကြီးတစ်ယောက်ကတော့ တော်တော်ပဲ သူ့ကိုယ်သူ အထင်ကြီးခဲ့တယ်။ ခပ်ငယ်ငယ်ကတော့ တရားအားထုတ်ခွင့် မရခဲ့ဘူး။ အလုပ်အကိုင်ကများလို့ အသက် ၅၀၊ ၅၀-ကျော်လောက်ကျတော့ လာအားထုတ်တယ်။ အောက်အောက်ဉာဏ်တွေကတော့ အစဉ်တိုင်းပဲ တက်လာပါတယ်။ အဲဒီပဋိသင်္ခါဉာဏ်ရောက်တော့ မတက်နိုင်တော့ဘူး။ သူ့စိတ်တွေ အမျိုးမျိုးဖြစ်ပြီးတော့ သူ့ဟာသူ သည်းမခံနိုင်။ မဟုတ်ပါဘူး၊ ဒီဉာဏ်ကျရင် ဒီလိုပဲယောဂီ၊ ဒီလိုပဲဖြစ်တတ်တာ သည်းခံပြီးတော့ရှုမှတ်ပါ။ မရပါဘူးဘုရား။ တပည့်တော်ကိုယ်တပည့်တော် အထင်ကြီးခဲ့တာပဲ၊ တကယ်အားထုတ်တော့ မရနိုင်ပါဘူးလို့ဆိုပြီး ရိပ်သာမှ ထွက်သွားပါတယ်။

ဘယ်လိုမှ ပြောလို့မရဘူး။ သူကလည်း အသက် ၅၀-ကျော်ဆိုတော့ ဆရာတော်ကလည်း ဒီလောက်ကြီးတော့ မထိန်းနိုင်ဘူး။ ကလေးထိန်းသလိုတော့ မထိန်းနိုင်ဘူး။ သဘောပါပဲလို့ပြောတော့ ထွက်သွားပါတယ်။ ၁၀-ရက်လောက် ဝေယျာဝစ္စတွေလုပ်ပြီးတော့ တစ်ခါပြန်ဝင်လာတယ်။ မှတ်ကြည့်ဦးမယ်ဘုရားတဲ့။ အို ... မှတ်ကြည့်တာပေါ့။

မှတ်လိုက်တော့ သူကပြန်ပြီးတော့ တိုးတက်သွားပါတယ်။ အဲဒီအခါကျမှ အောင်မြင်သွားတယ်။ တချို့တချို့တော့ သုံးခါ လေးခါလောက်တောင် ဖြစ်တတ်ပါတယ်။ အိမ်ပြန်ချင်တဲ့အကြောင်း လာလျှောက်တော့ ကမ္မဋ္ဌာန်းဆရာများကသိနေတော့ယောဂီ ... ဒီဉာဏ်မှာ ဒီလိုပဲဖြစ်တတ်ပါတယ်။ သည်းခံပြီးတော့မှတ်လိုက်ရင် သင်္ခါရုပေက္ခာဉာဏ် ရောက်သွားလို့ရှိရင် ယောဂီမပြန်ချင်တော့ပါဘူး စသည်ဖြင့် ပြောပြပေးရပါတယ်။ အဲဒီဉာဏ်ကိုတော့ အထူးသတိထားရပါတယ်။

တချို့ကလည်း ခန္ဓာကိုယ်ကပင်ပန်းတာ၊ နာကျင်ကိုက်ခဲတာ မထင်ရှားဘူး။ စိတ်ကပင်ပန်းတာ သိပ်ထင်ရှားတယ်။ စိတ်က ဘယ်လိုဖြစ်နေမှန်းလဲမသိဘူးဘုရားတဲ့။ ဘယ်လိုဖြစ်နေတာတုံးဆိုတော့ တပည့်တော် ရှုးတော့မယ်တဲ့။ ဘယ်လိုမှတ်ရမလဲတဲ့။ ရှူးချင်တယ်၊ ရှူးချင်တယ်ပဲမှတ်တော့။ မမှတ်ရပါဘူးလား ... မှတ်ရပါတယ်ဘုရား။ အို...ဝိပဿနာဆိုတာ ထင်ရှားရာ

ပေါ်ရာကိုပဲ မှတ်ရတာကိုး။ ရှူးချင်တဲ့စိတ်က ထင်ရှားနေတော့ ရှူးချင်တယ်၊ ရှူးချင်တယ် မမှတ်ရပါဘူးလား ... မှတ်ရပါတယ် ဘုရား။ ဩော်- အမှန်အတိုင်းပဲ မှတ်ရတယ်။ တစ်ညလောက်ပဲ မှတ်ရတယ်။ တက်သွားပါတယ်။ ရှိသေးလားဆိုတော့ မရှိတော့ဘူးဘုရားတဲ့။

နေရာမကျပါဘူးလား ... နေရာကျပါတယ်ဘုရား။ ဝိပဿနာဆိုတာ ပေါ်ရာကိုမှတ်ရတယ်။ မပေါ်တာတွေကို လိုက်မှတ်နေရင်တော့ မကြာသွားပါဘူးလား ... ကြာသွားတတ်ပါတယ် ဘုရား။ ရှူးချင်တဲ့စိတ်က ထင်ရှားနေရင် ရှူးချင်တယ်၊ ရှူးချင်တယ်မှတ်လိုက်တာနဲ့ တစ်ဆင့်တက်သွားတော့ သင်္ခါရုပေက္ခာဉာဏ် ရောက်သွားတယ်။

သင်္ခါရုပေက္ခာဉာဏ် ရောက်သွားတော့ လောကခံတရားတွေ အားလုံးသည်းခံသွားနိုင်တယ်။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက ဝိပဿနာရှုမှတ်တဲ့ပုဂ္ဂိုလ်တွေ သင်္ခါရုပေက္ခာဉာဏ်ရောက်အောင် ရှုမှတ်ဖို့ ဆောင်ပုဒ်တွေဖြင့် ဖွင့်ပြထားခဲ့ပါသည်။ ဆောင်ပုဒ်တွေ အရင်ဆိုရအောင်။

ဆောင်ပုဒ်။ ။ ကြောက်နှစ်သက်ခြင်း၊ ကင်းရှင်းပေသည်၊
ချမ်းသာဆင်းရဲ၊ ရှုမြဲတူညီ၊
ကြောင့်ကြမပူ၊ မှတ်ရှုလွယ်သည်၊
သင်္ခါရု၊ ညီမျှဂုဏ်သုံးမည်။

WWW.DHAMMARANSI.NET

သင်္ခါရုပေက္ခာဉာဏ် ရောက်လာတဲ့ယောဂီပုဂ္ဂိုလ် လောကရေးရာဘက်က ကြောက်စရာ၊ ဓမ္မရေးရာဘက်က ကြောက်စရာတွေ မကြောက်တော့ဘူးတဲ့။ သည်းခံနိုင်သွားပြီ။ နှစ်သက်စရာအာရုံတွေ စွဲလမ်းစရာအာရုံတွေနဲ့ တွေ့ရသော်လည်း ဓမ္မရေးရာဘက်ကဖြစ်ဖြစ်၊ လောကရေးရာဘက်ကဖြစ်ဖြစ် စွဲလမ်းစရာ နှစ်သက်စရာ သာယာဖွယ်အာရုံတွေကို နှစ်သက်လှတယ် မဟုတ်တော့ဘူး။ သည်းခံသွားနိုင်ပြီဖြစ်တယ်။

ချမ်းသာတာနဲ့ ဆင်းရဲတာကိုလည်း အညီအမျှပဲ ရှုနိုင်တယ်။ ချမ်းသာတာနဲ့ တွေ့ရတော့လည်း သိပ်ဝမ်းသာတက်ကြွမှုတွေ မရှိတော့ဘူး။ ဆင်းရဲတာနဲ့ တွေ့ရတော့လည်း သိပ်ဝမ်းနည်း စိတ်နှလုံးမသာယာမှုတွေ မဖြစ်တော့ဘူး။ အညီအမျှပဲ ရှုနိုင်တယ်။

ကြောင့်ကြမပူ၊ မှတ်ရှုလွယ်သည်။ မှတ်ရတာလည်း လွယ်လွယ်ပဲတဲ့။ ဖောင်းတာ၊ ပိန်တာတွေက အလိုလိုပေါ်လို့၊ မှတ်သိစိတ်က အလိုလိုမှတ်နေသကဲ့သို့ ထိုင်ပြီးကြည့်နေရသလို သင်္ခါရုပေက္ခာဉာဏ်ရောက်သွားတော့ ချမ်းသာခွင့်မရပါဘူးလား ... ချမ်းသာခွင့်ရပါတယ်ဘုရား။ သိပ်ထင်ရှားပါတယ်။

ကြောက်တာတွေ၊ နှစ်သက်တာတွေကင်းတာ သိပ်ထင်ရှားတယ်။ ဆရာတော်တို့ နယ်သာလန်တရားစခန်းတစ်ခုမှာ

WWW.DHAMMARANSI.NET

တရားစစ်တော့ ယောဂီတစ်ယောက်ကို တရားအားထုတ်တာ ဘယ်လောက်ကြာပြီလဲလို့မေးတော့ ၃-နှစ်လောက်ရှိပါပြီ။ ထူးခြားတာလေး၊ ဝိပဿနာအကျိုးတရားလေးများ မှတ်မိသေးလား။ မှတ်မိပါတယ်ဘုရားတဲ့။ သုံးမျိုးပြောတယ်။ တစ်မျိုးကတော့ တပည့်တော်က သိပ်ကြောက်တတ်တယ်ဘုရား။ တရားအားမထုတ်ခင်က အခန်းထဲမှာ တစ်ယောက်တည်း မအိပ်ရဲဘူးဘုရား။ ဝိပဿနာရှုမှတ်ပြီး ခုတော့ ကောင်းကောင်းအိပ်ရဲသွားပြီဘုရားလို့ လျှောက်ထားတယ်။ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ သိပ်ထင်ရှားတယ်။ ချမ်းသာတာနဲ့ ဆင်းရဲတာလည်း အညီအမျှ ရှုနိုင်တယ်။ မှတ်ရှုရတာလည်း လွယ်ကူတယ်။ သဒ္ဓါရပေက္ခာဉာဏ်ရောက်လာတဲ့ပုဂ္ဂိုလ် လောကဓံတရားတွေကို သည်းခံသွားနိုင်တယ်။ ထူးခြားတဲ့ ဂုဏ်ပုဒ်တွေကို ဆိုကြပါဦးစို့။

ဆောင်ပုဒ်။ ။ ကြာရှည်စွာလည်း၊ တည်မြဲသူတည်၊
ကြာလေသာ၍၊ သိမ်မွေ့လေသည်၊
အာရုံတခြား၊ ပျံ့သွားကင်းသည်၊
သင်္ခါရ၊ ထူးမှုဂုဏ်သုံးမည်။

ထိုင်မှတ်တာ ၁-နာရီ၊ ၂-နာရီ အမှတ်တွေမပြတ်ဘဲနဲ့ တစ်ဆက်တည်းလည်း မှတ်သွားနိုင်တယ်။ လှဲမှတ်ရင်လည်း ဒီအတိုင်းပါပဲ။ ကြာရှည်စွာလည်း တည်နိုင်ပါတယ်။ ကြာလေကြာလေ သိမ်မွေ့တာကတော့ ဘယ်လိုမှ ပြောတောင်မပြော

WWW.DHAMMARANSI.NET

တတ်လောက်အောင် သိမ်မွေ့တာပဲ။ ခန္ဓာကိုယ်လေးက ပေါ့ပါး ပြီးတော့ အအေးငွေ့ အပူငွေ့တွေနဲ့ ပက်ဖျန်းပေးနေသကဲ့သို့ အအေးငွေ့ အပူငွေ့တွေပေါ်မှာ ထိုင်နေရသလို ကြာလေကြာလေ သိမ်မွေ့တယ်။

အာရုံတခြား၊ ပျံ့သွားကင်းသည်။ အာရုံတစ်ပါးသို့ စိတ် ကလည်း မပျံ့တော့ဘူး။ မှတ်စရာအာရုံမှာပဲ ကပ်နေတယ်။ တချို့တချို့သော ယောဂီပုဂ္ဂိုလ်တွေက ဖြန့်ကြည့်တယ်။ အလွန် သာယာဖွယ်ကောင်းတဲ့ အာရုံဆီသို့ပို့ကြည့်၊ အလွန်စိတ်ဆိုးစရာ စိတ်ညစ်စရာဖြစ်တဲ့ အာရုံတွေဆီသို့ပို့ကြည့်၊ ကြာကြာမနေဘူး။ ချက်ချင်းပဲ ဒီမှတ်စရာ ဖောင်းတာ၊ ပိန်တာမှာ ပြန်ကပ်နေပါ တယ်။ ဘယ်ဉာဏ်ရောက်သွားပြီလဲ ... သင်္ခါရုပေက္ခာဉာဏ် ရောက်နေပါတယ်ဘုရား။

အမှန်အတိုင်းသိတော့ လောကဓံတရားတွေကို သည်းခံ နိုင်တယ်။ အမှန်အတိုင်းမသိတော့ လောကဓံတရားတွေကို သည်းမခံနိုင်တာ အဝိဇ္ဇာပဲ။ အဲဒီအဝိဇ္ဇာအမှောင်ကို ဝိပဿနာ ဉာဏ်က ဖောက်ခွဲနေတာ မထင်ရှားပါဘူးလား ... ထင်ရှားပါ တယ်ဘုရား။

ဆင့်ကာဆင့်ကာမှတ်တော့ သင်္ခါရုပေက္ခာဉာဏ် အရင့် ပိုင်းကို ရောက်သွားတဲ့အခါ ဉာဏ်တွေ ထက်မြက်လာတဲ့အခါ

WWW.DHAMMARANSI.NET

အနုလောမဉာဏ်သို့ ရောက်သွားတယ်။ အနုလောမဉာဏ်ဆိုတာ မင်္ဂဖိုလ်နဲ့လျော်တဲ့ ဉာဏ်ဖြစ်တယ်။

အနုလောမဉာဏ် ဖြစ်ပြီးတာနဲ့တစ်ပြိုင်နက်တည်း ဂေါတြဘူဉာဏ်။ ပုထုဇဉ်အနွယ်ကိုဖြတ်ပြီးတော့ အရိယာအနွယ်ထဲသို့ ရောက်သွားတဲ့ဉာဏ်ကို ဂေါတြဘူဉာဏ်။ ဂေါတြဘူဉာဏ်ဖြစ်ပြီးတာနဲ့တစ်ပြိုင်နက်တည်း သောတာပတ္တိမဂ်ဉာဏ် ဖြစ်လာတယ်။ သောတာပတ္တိမဂ်ဉာဏ်က အဝိဇ္ဇာတည်းဟူသော ဥဒ္ဒံကြီးကို၊ အပါယ်ကျစေနိုင်တဲ့ အမှောင်ထုကြီးကို တစ်ခါတည်းဖောက်ခွဲလိုက်ပြီးဖြစ်တယ်။ ကြက်ကလေးက ဥခွံကြီးကို ဖောက်ခွဲလိုက်သလို မပေါက်ကွဲသွားပါဘူးလား ... ပေါက်ကွဲသွားပါတယ်ဘုရား။ တဏှာအစေးတွေလည်း အပါယ်ကျစေနိုင်တဲ့ တဏှာအစေးတွေ ရှိသေးလား ... မရှိတော့ပါဘုရား။ အကုန်လုံး ခန်းခြောက်သွားပြီဖြစ်တယ်။

၇-ဘဝဖြင့် နိဗ္ဗာန်သို့ဝင်စံနိုင်တဲ့ သောတာပတ္တိမဂ်ဉာဏ်သို့ ရောက်သွားပြီးတာနဲ့တစ်ပြိုင်နက်တည်း သောတာပတ္တိဖိုလ်ဉာဏ်သို့ ရောက်သွားတာ စိတ်တစ်ခုမှ မခြားတော့ဘူး။ သောတာပန်ဖြစ်သွားတော့ ၇-ဘဝဖြင့် နိဗ္ဗာန်သို့ဝင်စံ။ အဝိဇ္ဇာအမှောင်ကြီးလည်းဖောက်ခွဲ၊ တဏှာအစေးတွေလည်း ခန်းခြောက်စေပြီးတော့ ၇-ဘဝကျတော့ ဘယ်ရောက်သွားပါလဲ ... နိဗ္ဗာန်သို့ ရောက်သွားပါမယ်ဘုရား။ နိဗ္ဗာန်သို့ ရောက်သွားမယ်။

WWW.DHAMMARANSI.NET

ထို့နောက် ဝိပဿနာတရားကို ဆက်လက်၍ ရှုမှတ်လိုက်သည်ရှိသော် အဝိဇ္ဇာဥခွံကို အရဟတ္တမဂ်ဉာဏ်ဖြင့် ဖောက်ခွဲ၍ အရဟတ္တဖိုလ်သို့ ရောက်ရှိသွားနိုင်ပါတယ်။ ၃၁-ဘုံက မထွက်မြောက်နိုင်အောင် ပိတ်ဖုံးထားသည့် အဝိဇ္ဇာအမှောင်ထု ဥခွံကြီးကို အပြီးတိုင် ဖောက်ခွဲလိုက်ပါတယ်။ ဘယ်တော့မှ ပြန်မမှောင်နိုင်တဲ့ နိဗ္ဗာန်ချမ်းသာ အလင်းထဲသို့ ရောက်ကြရပါတယ်။

ဥခွံဖောက်ခွဲဥပမာ ဝိပဿနာတရားကို ဟောကြားတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။ ဆောင်ပုဒ်တွေ ပြန်ဆိုပြီးတော့ တရားအဆုံးသတ်ကြပါစို့။

ဆောင်ပုဒ်။ ။ ဥခွံနင့်သာ၊ အဝိဇ္ဇာ၊ မှန်စွာတူပေသည်။
စေးရည်နင့်သာ၊ ဘဝတဏှာ၊
မှန်စွာတူပေသည်။
ကြက်ကောင်နင့်သာ၊ ဝိပဿနာ၊
မှန်စွာတူပေသည်။
ကြက်မနင့်သာ၊ ရှုသူဟာ၊ မှန်စွာတူပေသည်။

ဤကဲ့သို့ ယနေ့ယခုအခါ၌ ဥခွံဖောက်ခွဲပမာ ဝိပဿနာတရားကို နာကြားရသဖြင့် နာကြားရသောအတိုင်း လိုက်နာကျင့်ကြံ ပွားများအားထုတ်နိုင်ကြပြီးလျှင် မိမိတို့အလိုရှိအပ်

WWW.DHAMMARANSI.NET

တောင့်တအပ်တဲ့ တရားထူးတရားမြတ်တို့ကို ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို လွယ်ကူသောအကျင့်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန် သတည်း။

ဆရာတော်ဘုရားပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏အရှင်ဘုရား။

သာဓု ... သာဓု ... သာဓုပါဘုရား။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

WWW.DHAMMARANSI.NET

## ဤစာအုပ်မှာသိကောင်းစရာဆောင်ပုဒ်များ

- ဥစ္စာနှင့် သာ၊ အဝိဇ္ဇာ၊ မှန်စွာတူပေသည်၊
- စေးရည်နှင့်သာ၊ ဘဝတဏှာ၊ မှန်စွာတူပေသည်၊
- ကြက်ကောင်နှင့်သာ၊ ဝိပဿနာ၊ မှန်စွာတူပေသည်၊
- ကြက်မနှင့်သာ၊ ရှုသူဟာ၊ မှန်စွာတူပေသည်၊

WWW.DHAMMARANSI.NET